မြန်မာ့အလင်း

The Mirror

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်၊ သောကြာနေ့၊ (15-2-2008) (၅၅၉၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆားဗီးယားသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆားဗီးယားသမ္မတနိုင်ငံ သမ္မတအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းခံရသည့် မစ္စတာ ဘောရစ်တာဒစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆားဗီးယားသမ္မတနိုင်ငံ အမျိုးသားနေ့၌ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်တွင်ကျရောက်သော ဆားဗီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆားဗီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘောရစ်တာဒစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဆားဗီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဗီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဆားဗီးယားသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဗိုဂျေဆလာ့ဗ်ကို စတူနီကာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အခွန်လွတ်ဈေးများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ဖြနာရီခွဲတွင် သာကေတမြို့နယ်ရှိ ရှုခင်းသာ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ ရောက်ရှိပြီး ဈေးအတွင်း ရောင်းဝယ်ဖောက်ကားနေမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး၊ ရွှေပြည်သာမြို့နယ်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး၊ လှိုင်သာယာမြို့နယ်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတို့သို့ ရောက်ရှိပြီး အခွန်လွတ်ဈေးများအတွင်းရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ လူသုံးကုန်နှင့် စားသောက်ကုန်အရောင်းဆိုင်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

ကြည့်ရှုစစ်ဆေး



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သာကေတမြို့နယ်ရှိ ရှုခင်းသာ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၅-၂-၂၀၀၈
(သောကြာနေ့)

ကလေးငယ်များ ရောဂါကင်းစင်ဉာဏ်ရည်ဖွံ့ဖြိုးရေး စနစ်တကျ ပြုစုစောင့်ရှောက်ကျွေးမွေး

အာဟာရလွန်ကဲမှု၊ အာဟာရချို့တဲ့မှုများ ဖြစ်ပွားခြင်းသည် ကလေးနှင့်မိခင်များအပါအဝင် လူတိုင်း၏ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သေဆုံးရသူ ငါးနှစ်အောက် ကလေးသူငယ်များအနက် အများစုသည် အာဟာရချို့တဲ့မှုနှင့် ဆက်စပ်နေကြောင်း သိရသည်။

ဗီတာမင်အေ ချို့တဲ့မှုသည် ကလေးသူငယ်များအား မျက်စိကွယ်သည်အထိ အန္တရာယ်ပေးနိုင်ရုံမျှမက ကူးစက်ရောဂါ အမျိုးမျိုးကို ခုခံနိုင်သည့် ကိုယ်ခံစွမ်းအားလည်း ကျဆင်းစေနိုင်ကြောင်း သိရသည်။ ထို့အပြင် အိုင်အိုဒင်းအာဟာရ ချို့တဲ့ပါကလည်း ခန္ဓာကိုယ် စံချိန်မီ မကြီးထွားနိုင်ဘဲ သေးကွေးပုညှက်နေခြင်း၊ ဉာဏ်ထိုင်းခြင်းနှင့် လည်ပင်းကြီးခြင်းရောဂါတို့ ဖြစ်ပွားနိုင်သည်။

သုတေသနပြုချက်များအရ ကလေးဘဝအရွယ် ငယ်စဉ်အခါတွင် အာဟာရပြည့်ဝစွာ စားသုံးရသည့် ကလေးငယ်များသည် အာဟာရပြည့်ဝစွာ မစားသုံးရသော သက်တူရွယ်တူ ကလေးငယ်များနှင့်ယှဉ်လျှင် ကြီးပြင်းလာသောအခါ စွမ်းဆောင်ရည် ပိုမိုမြင့်မားကြကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများနှင့် ကလေးငယ်များအတွက် အာဟာရပညာ ဖြန့်ဖြူးပေးခြင်း၊ ကလေးငယ်များအား အင်အားပြည့် ဗီတာမင်အေ ဆေးလုံးတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများအား သံဓာတ်ဆေးပြားများ ဖြန့်ဝေပေးခြင်း၊ မိသားစုတိုင်း အိုင်အိုဒင်းဆား စားသုံးစေခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနေပြီ ဖြစ်သည်။

အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် အာဟာရဖွံ့ဖြိုးရေး ဖော်ဆောင်ပေးမှုများနှင့်အတူ ကာကွယ်ဆေးထိုး ဆေးတိုက်လုပ်ငန်းများ၊ ရောဂါနှိမ်နင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျောင်းကျန်းမာရေး၊ မိခင်နှင့်ကလေးကျန်းမာရေး ပညာပေးလုပ်ငန်းများကိုလည်း ပေါင်းစပ်ယှဉ်တွဲဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူတိုင်းက ကလေးငယ်များအား ငယ်စဉ်ဘဝကစ၍ ကျန်းမာသန့်ရှင်း အန္တရာယ်ကင်းသည့် အစားအစာများ၊ သံဓာတ်၊ အိုင်အိုဒင်းနှင့် အာဟာရပြည့်ဝသော အစားအစာများ မျှတစွာ စားသုံးစေရေး စနစ်တကျ ပြုစုစောင့်ရှောက် ကျွေးမွေးကြခြင်းဖြင့် ကလေးငယ်တိုင်း ရောဂါကင်းစင် ပျော်ရွှင်ကျန်းမာ ဉာဏ်ရည်ပြည့်ဝ ဖွံ့ဖြိုးကြမည် ဖြစ်ပါသည်။ ။

လှူဒါန်း

ကွယ်လွန်သူ ဒေါက်တာခင်သက်မော်အား ရည်စူး၍ မောင်ဖြစ်သူ ဒေါက်တာမြင့်ဝင်းကိုယ်စား လှိုင်မြို့နယ် မေတ္တာဝါဒီ ပရဟိတကျောင်းတိုက် ကိုးထပ် မဟာသိမ်ကျောင်းဆောင်ကြီး ဆောက်လုပ်ရန်အတွက် လှူဒါန်းငွေကျပ်သိန်း ၁၈၀ ကို အလုံမြို့နယ်မှ ကိုအောင်အောင်က မေတ္တာဝါဒီဆရာတော်ထံ ဖေဖော်ဝါရီ ၇ ရက်က ရေစက်ချလှူဒါန်းစဉ်။ (က-ပ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ (၅၇) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီတွင် စေတီတော် ရင်ပြင်တောင်ဘက် ပြာသာဒ်ဆောင်၌ ကျင်းပရာ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေနံ့ချောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တတေဇနိယထံမှ ပရိသတ်များက နဝင်္ဂသီလ ခံယူဆောက်တည်ကြကာ ဩဝါဒကထာ နာကြားကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်တို့က မေတ္တသုတ်နှင့် ပဋ္ဌာန်းပါဠိတော်၊ ပစ္စယုဒ္ဒေသတို့ကို ရွတ်ဖတ်ပူဇော်ကြသည်။

အဆိုပါ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်မှ ဖေဖော်ဝါရီ ၁၇ ရက်အထိ ရွတ်ဖတ်သွားမည်ဖြစ်ပြီး ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအပြီး ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၈ နာရီခွဲတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများအပါအဝင် ပင့်သံဃာ ၁၀၈ ပါးနှင့် သီလရှင် ၃၁ ပါးတို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူသွားမည်ဖြစ်သည်။

ဗုဒ္ဓပူဇနိယ ပွဲတော်ရက်အတွင်း ရန်ကုန်တိုင်း စစ်ဌာနချုပ်၏ ရွှေဝါဝင်းအငြိမ့်၊ ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် မြန်မာ့ရိုးရာ ခြင်းအလှခတ်ပြိုင်ပွဲများလည်း ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ သမိုင်းဝင် ကျိုက္ကစံ ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ (၁၀၈) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်၊ နှမ်းမနဲကပ်လှူပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက် (တပို့တွဲလပြည့်နေ့) နံနက်ပိုင်းနှင့် သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မွန်းလွဲ ၁ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်းနှင့် ပွဲတော်ရက်များအတွင်း ပျော်ပွဲရွှင်ပွဲများဖြင့် ဖြေဖျော်တင်ဆက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေး စေတီတော်မြတ်ကြီး၏ (၅၇) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။
(သတင်းစဉ်)

ရန်ကုန်မြို့ ဒေါပုံမြို့နယ် အောင်သီရိလမ်းနေ ဘွားဘွား ဒေါ်သန်း၊ မြစ် အဲဗစ်နေလင်း၊ မေကြူရယ်နေလင်း မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။
(ဘိုးဘွားရိပ်သာ)

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဒုတိယအစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲတွင် ဆွမ်းဆက်ကပ်လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဒုတိယအစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို တပေါင်းလဆန်း ၁၁ ရက်မှ တပေါင်းလပြည့်အထိ (မတ် ၁၇ ရက်မှ ၂၁ ရက်အထိ) ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပမည်ဖြစ်ရာ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ ပရဒေသီဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးနှင့် ဘွဲ့တံဆိပ်တော် ခံယူတော်မူကြမည့် ဆရာတော်ကြီးများ၊ အထူးပင့် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ ပဏ္ဍာသမဏ သံဃာတော်များ စုစုပေါင်းဆရာတော် သံဃာတော် ၉၉၆ ပါးခန့် ကြွရောက် သီတင်းသုံးတော်မူကြမည်ဖြစ်သည်။

ယင်းဆရာတော်ကြီးများအား ဆွမ်းကွမ်းနှင့် အချိုရည် ဆက်ကပ်လှူဒါန်းလိုကြသော အလှူရှင်များသည် သံဃာတော်တစ်ပါးလျှင် တစ်နေ့တာ ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဥတ္တရကုရုကျောင်းဆောင်ရှိ ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့ ဖုန်း-၆၆၀၂၆၉၊ ၆၆၀၉၉၈၊ ၆၆၀၁၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ရှင်ပြုတရားဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ သာယာအေးရပ်ကွက် ဦးစိုးညွန့်-လှိုင်-ဒေါ်ချိုမာဝင်း မိသားစု ထက်ဝေဆီထွက်သီးနှံနှင့် ပဲအမျိုးမျိုးပွဲရုံ ဓမ္မသဘင်၌ ဖေဖော်ဝါရီ ၂၀ ရက်တွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ်မြောက်ပိုင်း ၅၁ ရပ်ကွက် မြဝတီမင်းကြီး(၁) သီရိမင်္ဂလာမဟာစည်ရိပ်သာကျောင်းတိုက် ဆရာတော် တွံတေး အရှင်ဣန္ဒက (ဓမ္မကထိက ဗဟုဇနဟိတဓရ)နှင့် ၂၁ ရက်တွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဟာမစ်တစ် မဟာစည်သာသနာ့ရိပ်သာတွင် မြစ်သားဆရာတော်ဦးဝါသဝ(အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဘွဲ့တံဆိပ်တော်ရ ဆရာတော်တို့သည် ညစဉ် ၇ နာရီ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

ဘာသာစုံဂုဏ်ထူးရကျောင်းသူအားဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)ဒုတိယနှစ်သင်တန်း စာမေးပွဲတွင် ဘာသာရပ်အားလုံး၌ ဂုဏ်ထူးရရှိသော ကျောင်းသူအား ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၌ကျင်းပရာ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခဒေါက်တာမျိုးဝင်း၊ ပါမောက္ခဒေါက်တာမြင့်နိုင် ပါမောက္ခချုပ်(အငြိမ်းစား)၊ ပါမောက္ခ/ဌာနမှူးများ၊ ကထိကများ၊ ဆရာ၊ ဆရာမများ၊ တတိယနှစ် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာမျိုးဝင်းက အဖွင့်အမှာစကားပြောကြားကာ ပါမောက္ခ ဒေါက်တာမြင့်နိုင် ပါမောက္ခချုပ်(အငြိမ်းစား)က ကျောင်းသူ မသိမ့်မေသူဝင်းအား ဆုချီးမြှင့်ပေးအပ်သည်။ **(အောက်ပုံ)** (၄၆၀)

ဖေဖော်ဝါရီ ၁၄ရက်က ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေး ကော်မရှင်ဥက္ကဋ္ဌ မစ္စတာကင်ဂျုံအီး၏ မွေးနေ့ဧည့်ခံပွဲ အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး HE Mr.Kim Sok Chol ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အနှစ်သာရ အစစ်အမှန်

အကာဖြစ်သော ကာမဂုဏ်ကိလေသာ မကောင်းမှုဒုစရိုက်တရားတို့ကို တွယ်ကပ်မနေဘဲ အနှစ်အစစ်အမှန်ဖြစ်သော ကောင်းမှုကုသိုလ်တရားတို့ကို ပွားများနိုင်မှသာလျှင် သီလဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော ကောင်းသောသုခ အနှစ်သာရအစစ်အမှန် ရပေလိမ့်မည်။

(ဓမ္မပဒ ၁၂)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ထန်းတပင်မြို့နယ်ရှိ ကိုကြီး ရေထိန်းတံခါး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ထန်းတပင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ မွန်းလွဲပိုင်းတွင် ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သို့ သွားရောက်၍ ခြံစည်းရိုးကာရံမှုအတွက် ဝါးပင်စိုက်ပျိုးနိုင်ရေး စက်ယန္တရားများဖြင့် မြေပေါင်ပြုပြင်ဆောင်ရွက်နေမှုနှင့် ခြံစည်းရိုးကာရံနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် တိုင်းမှူးသည် ထိန်နှစ်ပင်ကျေးရွာရှိ တောင်သူ ဦးကြည်၏ နွေစပါးစံပြကေ ၅၀ စိုက်ကွင်း၌ ခေတ်မီလက်တွန်းထွန်စက်များဖြင့် ရေသွင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

တွေ့ဆုံမှာကြား

ယင်းနောက် တိုင်းမှူးသည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားပြီး ထန်းတပင်မြို့နယ် ကျွန်းငူရပ်ကွက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဖြစ်သည့် ကမ်းထိန်းကျောက်စီ မြေထိန်းနံရံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် "ကေဘရားသားစ်" ရေချိုပုစွန်သားဖောက်မွေးမြူ ရေးစခန်း၊ အကျယ် ၁၂ ပေ၊ အရှည်ပေ ၁၅၈၀ ရှိ ဘုရင့်နောင်လမ်း ကတ္တရာ ခင်းကျင်းနေမှု၊ ကိုကြီးရေထိန်းတံခါးစီမံကိန်း၊ ကျွန်းငူလျှပ်စစ်မြစ်ရေတင် စီမံကိန်းနှင့် မရွှေဥကျေးရွာရှိ မျိုးကောင်းမျိုးသန့်စပ် မျိုးစပါးငါးမျိုး စမ်းသပ် ပျိုးထောင် စိုက်ပျိုးထားရှိသော စပါး ၁၀ ဧကစိုက်ကွင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းပေးသည်။

ထန်းတပင်မြို့နယ်အတွင်း နွေစပါးဧက ၄၆၀၀၀ ကျော်၊ ဆီထွက်သီးနှံဧက ၅၀၀၀ ကျော်၊ ပဲမျိုးစုံဧက ၉၀၀၀ ကျော်နှင့် အစေ့ထုတ်ပြောင်းဧက ၆၀၀ ကျော် လျာထားစိုက်ပျိုးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရဲတပ်ဖွဲ့ အငြိမ်းစား ပုညကုသလအသင်း သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အငြိမ်းစားပုညကုသလ အသင်းကြီးကကြီးမှူး၍ အသက် (၈၀)ကျော် အငြိမ်းစားပုဂ္ဂိုလ်ကြီးများနှင့်ဇနီးများအား ဖေဖော်ဝါရီ ၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရဲဓမ္မာရုံကြီး၌ သက်ကြီးပူဇော်ပွဲ ကျင်းပမည်ဖြစ်ရာအသင်းသူ၊ အသင်းသားများ ပူဇော်ပွဲသို့ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ဆားဗီးယားနိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဗီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ထံမှ ဆားဗီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဗုခ်ဂျေရာမစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဖေဖော်ဝါရီ ၁၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကျန်းမာရေး ဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ညွှန့်အား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဝေမြင့်အား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထား လိုက်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၂-၂၀၀၈(သောကြာနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	"အမှန်မြင်သောနေ့တစ်နေ့"တရားတော် (မေတ္တာကျောင်းဆရာတော် ဘဒ္ဒန္တကုမာရ)
၈:၀၅-၂:၀၅	Activities In The City
၈:၂၅-၂:၂၅	တေးဂီတအစီအစဉ်
၈:၃၀-၂:၃၀	Myanmar Video Rhythm
၈:၅၅-၂:၅၅	သစ်တောများမပြုန်းတီးစေရာ စွမ်းအားမြင့် အေဝမ်းမီးဖိုထုတ်လုပ်ရာ
၉:၁၀-၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀	တေးဂီတအစီအစဉ်
၉:၂၅-၃:၂၅	ယနေ့သိပ္ပံနှင့် နည်းပညာ
၉:၃၅-၃:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၄၀-၃:၄၀	တေးဂီတအစီအစဉ်
၉:၄၅-၃:၄၅	အနာကြီးရောဂါကင်းဝေးရေးဆိုင်ရာ ကွင်းဆင်းဆောင်ရွက်ချက်များ
၁၀:၀၀-၄:၀၀	မိုးလေဝသခန့်မှန်းချက်
၁၀:၀၅-၄:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀-၄:၁၀	ART VISION(Orchestral Urban Life)
၁၀:၂၀-၄:၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၃၀-၄:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅-၄:၃၅	မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအကြောင်း သိကောင်းစရာ(အပိုင်း-၃)
၁၁:၀၀-၅:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၀၅-၅:၀၅	တေးဂီတအစီအစဉ်
၁၁:၁၀-၅:၁၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း)
၁၁:၃၅-၅:၃၅	သံစဉ်စာသားဖန်တီးသူများ (တေးရေးဆရာဇဝါနှင့်တွေ့ဆုံခြင်း)
၁၂:၀၀-၆:၀၀	လေလှိုင်းမှဖြေကြား ပရိသတ်များ အမေးစကား
၁၂:၂၀-၆:၂၀	တေးဂီတအစီအစဉ်
၁၂:၂၅-၆:၂၅	ဖူးစာဖက်တို့ဆုံစည်းဖို့ရာ"မင်္ဂလာပွဲနှင့် မှတ်တမ်းတင်ဓာတ်ပုံ"
၁၂:၄၀-၆:၄၀	VJ Choice
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မလေးရှားနိုင်ငံ ပူထရာဂျာယား၌ ပါလီမန်ကို ဖျက်သိမ်းကြောင်း ဝန်ကြီးချုပ် အဗ္ဗဒူလာအာမက် ဘာဒါဝီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မလေးရှား၌ ပါလီမန်ကို ဖျက်သိမ်း မကြာမီရွေးကောက်ပွဲကျင်းပရန် စီစဉ်

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၁၄

မလေးရှားနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး လမ်းဖွင့်ပေးသည့်အနေဖြင့် မလေးရှားပါလီမန်ကို ဖျက်သိမ်းကြောင်း ဖေဖော်ဝါရီ ၁၃ရက်တွင် ဝန်ကြီးချုပ် အဗ္ဗဒူလာ အာမက်ဘာဒါဝီက ကြေညာသည်။

သဘောတူညီချက်ရရှိ

မလေးရှားပါလီမန်ကို ဖျက်သိမ်းရန် ဘုရင်မင်းမြတ်ထံမှ သဘောတူညီချက် ရရှိထားပြီးဖြစ်ကြောင်းကို ဝန်ကြီးချုပ်က ပူထရာဂျာယား၌ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင်ပြောကြားသည်။ ပူထရာဂျာယားသည် မလေးရှားနိုင်ငံ၏ အုပ်ချုပ်ရေးဗဟိုဌာနဖြစ်သည်။ အထွေထွေရွေးကောက်ပွဲ ကျင်းပမည့်နေ့ကို မလေးရှား ရွေးကောက်ပွဲကော်မရှင်က ရက်ပိုင်းအတွင်း ကြေညာရန်ရှိသည်။

ရွေးကောက်ပွဲ ကျင်းပမည့်နေ့နှင့် ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းရမည့်နေ့များကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ကြေညာရန်ရှိသည်ဟု ရွေးကောက်ပွဲကော်မရှင်က ပြောကြားသည်။

ပါလီမန် ဖျက်သိမ်းရန် အချိန်စေ့ရောက်သည့်နေ့သည် ၂၀၀၉ ခုနှစ် မေ ၁၆ ရက်ဖြစ်သော်လည်း ၁၅ လ အချိန်စော၍ ပါလီမန်ကိုဖျက်သိမ်းရန် စီစဉ်ခြင်းဖြစ်သည်။ လက်ရှိအာဏာရ ဘာရီဆန်နေရှင်နယ် ညွန့်ပေါင်းအဖွဲ့ (ဘီအင်)သည် ၂၀၀၄ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရရှိခဲ့သည်။ လာမည့်ရွေးကောက်ပွဲ၌လည်း သုံးပုံနှစ်ပုံမဲဖြင့် အနိုင်ရရှိစေရန် မျှော်လင့်ထားသည်ဟု ဝန်ကြီးချုပ် ဘာဒါဝီက ပြောကြားသည်။

အင်တာနက်။

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နယ်စပ်၌ ခရီးသွားနေစဉ် ပါကစ္စတန်သံအမတ်ကြီးပျောက်ဆုံး

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁၃

ကဘူးလ်မြို့၌ ပျောက်ဆုံးနေသော အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာပါကစ္စတန်နိုင်ငံ သံအမတ်ကြီး တာရစ်အာဇီဇူဒင်သည် အသက်ရှင်နေဆဲရှိသဖြင့် ၎င်းအား ကြိုးပမ်းရှာဖွေနေဆဲ ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဖေဖော်ဝါရီ ၁၃ ရက်တွင် ပြောကြားသည်။

ဖမ်းဆီး

မကြာသေးမီ သီတင်းပတ်က ပါကစ္စတန်တပ်ဖွဲ့များသည် တာလီဘန် အထက်တန်း စစ်ခေါင်းဆောင်တစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

အလဲအလှယ်

ယခုပျောက်ဆုံးနေသော ပါကစ္စတန်သံအမတ်ကြီးကို အာဖဂန်နစ္စတန်ရှိ တာလီဘန်များက ဖမ်းဆီးထားပြီး ပါကစ္စတန်တပ်ဖွဲ့က ထိန်းသိမ်းထားသည့် တာလီဘန် စစ်သွေးကြွခေါင်းဆောင်နှင့် အလဲအလှယ်ပြုလုပ်ရန် တောင်းဆိုနေသည် ဆိုသော သတင်းကို မိမိအတည်မပြုနိုင်ကြောင်း ပြောရေးဆိုခွင့်ရှိသူ မူဟာမက် ဆာဒစ်က ပြောကြားသည်။

ပျောက်ဆုံး

အာဖဂန်နှင့် ပါကစ္စတန်နယ်စပ်ရှိ စစ်သွေးကြွများ လှုပ်ရှားရာဒေသ၌ ပါကစ္စတန်သံအမတ်ကြီး ဖေဖော်ဝါရီ ၁၂ ရက်က ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။

၎င်းပျောက်ဆုံးသွားသည့်ဒေသမှာခိုင်ဘာ တောင်ကြားခရိုင် ဖြစ်ပြီး ပါကစ္စတန် စစ်ဘက်က ဖမ်းဆီးမိထားသူ တာလီဘန် စစ်ရေးခေါင်းဆောင်မှာ မူလာမင်စွာ ဒါဒူလာဖြစ်သည်။

အင်တာနက်။

အာဖဂန်နစ္စတန်နိုင်ငံ ခိုင်ဘာ တောင်ကြားခရိုင်တွင် ပျောက်ဆုံးသွားသော ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး တာရစ်အာဇီဇူဒင်။ (ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ်၌ နှစ်သစ်ကူးပွဲတော်တွင် ယာဉ်တိုက်မှုကြောင့် ၂၁၆ ဦး သေဆုံး

ဟနွိုင်း ဖေဖော်ဝါရီ ၁၃

ဗီယက်နမ်နိုင်ငံတွင် ၂၀၀၈ ခုနှစ် နှစ်သစ်ကူးပွဲတော် ကာလအတွင်း ယာဉ်တိုက်မှု ၃၁၅ မှု ဖြစ်ပွားကြောင်း၊ ထိုဖြစ်ရပ်ကြောင့် ၂၁၆ ဦး သေဆုံးပြီး ၃၃၆ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က အင်္ဂါနေ့တွင် ပြောကြားသည်။

၂၀၀၇ ခုနှစ် နှစ်သစ်ကူးပွဲတော် ကာလနှင့် နှိုင်းယှဉ်လျှင် မတော်တဆ ဖြစ်ပွားမှုအရေအတွက်သည် ၂၉ ဒသမ ၁ရာခိုင်နှုန်း၊ သေဆုံးမှု ၃၀ ဒသမ ၈ ရာခိုင်နှုန်းနှင့် ဒဏ်ရာရရှိမှု ၃၃ ဒသမ ၃ရာခိုင်နှုန်းနီးပါး အသီးသီးလျော့နည်း ကျဆင်းသွားကြောင်း မော်တော်ယာဉ်နှင့် မီးရထား ရဲတပ်ဖွဲ့က ပြောကြားသည်။

၂၀၀၈ခုနှစ်ပွဲတော်အတွင်း ဗီယက်နမ်နိုင်ငံတွင် မီးရထားနှစ်စင်း တိုက်မှုဖြစ်ပွားသောကြောင့် နှစ်ဦးသေဆုံး၍ တစ်ဦးဒဏ်ရာရရှိကာ ရေကြောင်းတွင် မတော်တဆမှုတစ်ခုဖြစ်ပွားခြင်းကြောင့် တစ်ဦးသေဆုံးကြောင်းသိရသည်။

ဗီယက်နမ်နိုင်ငံတွင် လွန်ခဲ့သည့်နှစ်က တစ်နှစ်လုံးတွင် ယာဉ်မတော်တဆဖြစ်ပွားမှု ၁၄၆၂၄ ကြိမ် ဖြစ်ပွားပြီး ၁၃၁၅၀ သေဆုံးကာ ၁၀၅၄၆ ဦး ဒဏ်ရာရရှိသည်။ ၂၀၀၆ ခုနှစ်တွင် ယာဉ်မတော်တဆဖြစ်ပွားမှု ၁၄၇၀၁ ကြိမ် ဖြစ်ပွားပြီး သေဆုံးသူ ၁၂၇၃၉ ဖြစ်ကာ ဒဏ်ရာရရှိသူ ၉၈၀၆ ဖြစ်ကြောင်း ယင်းဌာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

သီရိလင်္ကာတွင် တိုက်ခိုက်မှုဖြစ်ပွား၊ ရှစ်ဦးသေဆုံး

ကိုလံဘို ဖေဖော်ဝါရီ ၁၂

သီရိလင်္ကာနိုင်ငံမြောက်ပိုင်းတွင် ဖေဖော်ဝါရီ ၁၁ရက်က အစိုးရတပ်ဖွဲ့နှင့် တမီးလ်သူပုန်တို့အကြား တိုက်ခိုက်မှုဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် တမီးလ်ကျားသူပုန် ခြောက်ဦးသေဆုံးကြောင်း ကာကွယ်ရေးရုံးကပြောကြားသည်။

ဗာသူနီယာခရိုင်တွင် နံနက် ၇နာရီ မိနစ် ၅၀ ခန့်က တမီးလ်ကျားသူပုန်များက မိုင်းဗုံးဖောက်ခွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးရကြောင်း တာဝန်ရှိသူက ပြောကြားသည်။

မန်နာခရိုင်တွင် နံနက် ၇နာရီက လမ်းကြောင်းရှင်းလင်းနေစဉ် ဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသည်။

ဂျက်ဖ်နာကျွန်းဆွယ်၏ မူဟာမာလိုင်ဒေသ၌ နံနက် ၈နာရီ ၄၅ မိနစ်နှင့် မွန်းလွဲ ၁၂နာရီ ၄၅ မိနစ်တို့တွင် အစိုးရတပ်ဖွဲ့များက နှစ်ကြိမ် တိုက်ခိုက်မှုကြောင့် တမီးလ်ကျားသူပုန် ခြောက်ဦးသေဆုံးသည်။

အမ်အင်အေ၊ဆင်ဟွာ။

မူးယစ်ဆေးဝါးသယ်ရန်ကြိုးစားသူ ဗြိတိန်နိုင်ငံသား အနောက်အာဖရိကနိုင်ငံ ဖရီးတောင်းလေဆိပ်၌ဖမ်းမိ

ဖရီးတောင်း ဖေဖော်ဝါရီ ၁၄

ကိုကင်းတစ်ကီလိုဂရမ် (၂ ဒသမ ၂ ပေါင်)ကို ဝှက်၍သယ်ယူလာသည့် ဗြိတိန်နိုင်ငံသားတစ်ဦးကို ဥရောပနိုင်ငံသွားမည့် လေယာဉ်ပေါ်မတက်မီ ဆီရာလီယွန်နိုင်ငံ ရဲတပ်ဖွဲ့က ဖမ်းဆီးမိကြောင်း တာဝန်ရှိသူက အင်္ဂါနေ့တွင် ပြောကြားသည်။

ကိုကင်းခုနစ်ထုပ်

အနောက်အာဖရိကနိုင်ငံ မြို့တော် ဖရီးတောင်းအနီးရှိ လွန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ၎င်းအား ရှာဖွေရာ ခြေအိတ်အတွင်း ကိုကင်းခုနစ်ထုပ်ကို ရှာဖွေတွေ့ရှိကြောင်း လေဆိပ်ရဲတပ်ဖွဲ့ အကြီးအကဲ ကာရောကင်မရာက ပြောကြားသည်။

အများအပြားတင်ပို့

အနောက်အာဖရိက ဒေသသည် ကိုလံဘီယာနိုင်ငံမှ ကိုကင်းများကို အမြတ်အစွန်းများစွာရသော ဥရောပဈေးကွက်သို့ အများအပြားတင်ပို့သည့် အဓိကလမ်းကြောင်းတစ်ခု ဖြစ်လာလျက်ရှိသည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

တာတိုပစ်ဒုံးကျည် ပါကစ္စတန် စမ်းသပ်ပစ်လွှတ်

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁၃

ပါကစ္စတန်နိုင်ငံက ဖေဖော်ဝါရီ ၁၃ ရက်တွင် ဂါ့ဇ်နာဗီ(ဟာ့ဖ်-၃) အမျိုးအစား တာတိုပစ်ပဲ့ထိန်း ဒုံးကျည်ကို အောင်မြင်စွာစမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း စစ်ဘက်က ပြောကြားသည်။

ဂါ့ဇ်နာဗီဒုံးကျည်သည် ၂၉၀ ကီလိုမီတာ အကွာအဝေးရှိ ပစ်မှတ်ဆီသို့ ပစ်လွှတ်နိုင်ကြောင်း သိရသည်။

၎င်းဒုံးကျည် စမ်းသပ်ပစ်လွှတ်သည့် အခမ်းအနားသို့ ဝန်ကြီးချုပ်မိုဟာမက်ဆွန်ရို၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး အာရှာဖက်ပါဗေ့ဇ် ကာရာနီ၊ စစ်ဘက်ဆိုင်ရာအကြီးအကဲများနှင့် သိပ္ပံပညာရှင်များ တက်ရောက်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရေနံတင်သင်္ဘောနှင့် ငါးဖမ်းသင်္ဘော အင်ဂိုလာအနီးပင်လယ်ပြင်တွင်တိုက်မိ

လူအန်ဒါ ဖေဖော်ဝါရီ ၁၃

အင်ဂိုလာနိုင်ငံတောင်ပိုင်း နမီဘီ ကမ်းခြေမှ ၁၆ ကီလိုမီတာ အကွာရှိ ပင်လယ်ပြင်တွင် ရေနံတင်သင်္ဘော တစ်စင်းနှင့် ငါးဖမ်းသင်္ဘောတစ်စင်း တိုက်မိကြသဖြင့် သင်္ဘောသားသုံးဦး ပျောက် ဆုံးနေကြောင်း နမီဘီဆိပ်ကမ်း အုပ်ချုပ်ရေးဌာန(အင်ပီအေ)ကတနင်္လာနေ့တွင် ပြောကြားသည်။ အဆိုပါ သင်္ဘောတိုက်မှုသည် ကြာသပတေးနေ့ နံနက် ၃နာရီကဖြစ်ပွားခဲ့ပြီး ငါးဖမ်းသင်္ဘောပေါ်မှ တရုတ်သင်္ဘောသား သုံးဦး ပျောက်ဆုံးလျက်ရှိသည်ဟု အင်ပီအေညွှန်ကြားရေးမှူး အန်တိုနီ ယိုဂျာမန်နီက သတင်းထောက်များသို့ ပြောကြားသည်။

မှတ်ပုံတင်ထား

တောင်ကိုရီးယား ငါးဖမ်းကုမ္ပဏီပိုင် ငါးဖမ်းသင်္ဘောသည် ပနားမားတွင် မှတ်ပုံတင်ထားသော ဂရိနိုင်ငံမှ ရေနံတင်သင်္ဘောနှင့် တိုက်မိခြင်းဖြစ်သည်။ ထိုသင်္ဘောသည် လူအန်ဒါကိပ်တောင်းပုံမှန်ခရီးစဉ်ကို ပြေးဆွဲနေသော သင်္ဘောဖြစ်သည်ဟု အန်တိုနီယိုက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကင်ညာနိုင်ငံတွင် ဖြစ်ပွားသော အကြမ်းဖက် ဆူပူမှုများကြောင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေကြရသော ကလေးငယ်တစ်စုကို ဖေဖော်ဝါရီ ၁၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန် အကြိုအခြေခံသမ္မတလောင်းရွေးပွဲတွင် ရီပတ်ဘလီကန်မှ မက်ကိန်းနှင့် ဒီမိုကရက်မှ အိုဘားမားတို့ဦးဆောင်နေ

ဝါရှင်တန် ဖေဖော်ဝါရီ ၁၄

ရီပတ်ဘလီကန်ပါတီအတွက် အမေရိကန်နိုင်ငံ၏ အကြိုအခြေခံသမ္မတလောင်းရွေးပွဲတွင် ရှေ့ဆုံးမှပြေးနေသူမှာ ဆီနိတ်တာဂျွန်မက်ကိန်းဖြစ်သည်။ မက်ကိန်းက ၎င်းအနေဖြင့် အမေရိကန်သမ္မတရွေးပွဲတွင် မိမိ၏ပါတီအနိုင်ရရှိရေးအတွက် ပြည်နယ် ၅၀ စလုံးတွင် မဲဆွယ်ပွဲများပြုလုပ်သွားမည်ဖြစ်ကြောင်း ကတိပြုလိုက်ပြီးနောက် အောက်လွှတ်တော်ရှိ ရီပတ်ဘလီကန်ခေါင်းဆောင်များသည် မက်ကိန်းအား ထောက်ခံမှုပေးရန် သဘောတူလိုက်ပြီဖြစ်သည်။

ဗာဂျီးနီးယားပြည်နယ်၊ မေရီလင်းပြည်နယ်နှင့် ကိုလံဘီယာခရိုင်များတွင် အနိုင်ရရှိပြီး နောက်တစ်ရက်တွင် အာရီဇိုးနားပြည်နယ် ဆီးနိတ်ကိုယ်စားလှယ်မက်ကိန်းသည် အောက် လွှတ်တော်ခေါင်းဆောင်များနှင့် တွေ့ဆုံညှိနှိုင်း၍ ထောက်ခံမှုရရှိရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ ဒီမိုကရက်တစ်ပါတီအတွက် အမေရိကန်နိုင်ငံ၏ အကြိုအခြေခံသမ္မတလောင်း ရွေးပွဲတွင် ဘာရက်အိုဘားမားသည် မဲဆန္ဒနယ်ရှစ်နေရာ၌ ဆက်တိုက် အနိုင်ရရှိပြီးနောက် ယှဉ်ပြိုင်ဘက် ဟီလာရီကလင်တန်အပေါ် အသာရရှိလာသည်။

ဗုဒ္ဓဟူးနေ့ကမဲဆွယ်တရားဟောရာ၌ အိုဘားမားသည် နိုင်ငံ၏ စီးပွားရေးဘက်သို့ ဦးလှည့်သွားပြီး ကလင်တန်နှင့် မက်ကိန်းတို့၏ ရပ်တည်ချက်များကို ဝေဖန်ပြောကြားသွားသည်။ အိုဘားမားက ၎င်းသာ သမ္မတဖြစ်လာပါက အလုပ်အကိုင်နေရာပေါင်း ငါးသန်းကို သန့်ရှင်းသောစွမ်းအင်ရှာဖွေထုတ်လုပ်ရေးလုပ်ငန်း နယ်ပယ်၌ ဖန်တီးပေးသွားမည်ဖြစ်သည့်အပြင်နိုင်ငံ၏အခြေခံအဆောက်အအုံများ ပြင်ဆင်ရေးအတွက် အမေရိကန်ဒေါ်လာဘီလီယံ ၆၀ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သမ္မတဟောင်း ဘီလ်ကလင်တန် ၁၉၉၂ ခုနှစ် သမ္မတရွေးကောက်ပွဲ၌ မဲဆွယ်စဉ်က မဲဆွယ်ပွဲရုံးအဖွဲ့၏ မန်နေဂျာအဖြစ်ဆောင်ရွက်ခဲ့သူ ဒေးဗစ်ဝီလ်ဟမ်သည် ဘာရက်အိုဘားမားအား ထောက်ခံကြောင်း ဖေဖော်ဝါရီ ၁၃ ရက်တွင် ပြောကြားသည်။ ၎င်း၏ ထောက်ခံမှုသည် အိုဘားမားအတွက် တအားတက်စေသော အထောက်အပံ့ပင်ဖြစ်သည်ဟု ဝေဖန်သူများက ရှုမြင်သည်။ ***အမ်အင်အေ၊ရိုက်တာ။***



ရီပတ်ဘလီကန်ပါတီအတွင်း စည်းလုံးရေးကိုပြန်လည် တည်ဆောက်နေသူ အကြိုသမ္မတလောင်း ရွေးချယ်ပွဲပြိုင်ပွဲဝင် ဆီနိတ်တာ မက်ကိန်း။

ဒီမိုကရက်တစ်ပါတီတွင်း အကြိုသမ္မတလောင်းရွေးပွဲ၌ ဆက်တိုက် အောင်ပွဲရနေသော ဆီနိတ်တာအိုဘားမား။

လေယာဉ်ပေါ်၌ ဗုံးအတုနှင့်မူးယစ်ဆေးဝါးအတု တွေ့ရှိပြီးနောက် နယ်သာလန် လေဆိပ် လုံခြုံရေးတိုးမြှင့်ရန်စီစဉ်

အမ်စတာဒမ် ဖေဖော်ဝါရီ ၁၄

နယ်သာလန်နိုင်ငံ မြို့တော်အမ်စတာဒမ်ရှိ ရှီပိုလ်လေဆိပ်၌ လုံခြုံရေးများ တင်းကျပ်စွာချထားရန် စီစဉ်လျက်ရှိကြောင်း ဒတ်ချ်အစိုးရက ထုတ်ပြန်ကြေညာသည် ။ ဥရောပတိုက်၏ စတုတ္ထအသွားအလာ အများဆုံးဖြစ်သည့် လေဆိပ်ရှိရာနေရာ၌ လေယာဉ်များပေါ်သို့ မှုခင်းသတင်းထောက်တစ်ဦးသည် ဗုံးအတုနှင့်မူးယစ်ဆေးဝါးအတုများ ဗုက်၍ယူဆောင်လာသည့်ဖြစ်ရပ် ပေါ်ပေါက်ပြီးနောက် လေဆိပ်လုံခြုံရေး တိုးမြှင့်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ဝန်ထမ်းများ အသုံးပြုသည့် ဝင်ပေါက်သုံးခုကို ချက်ချင်းပိတ်ထားမည်ဖြစ်ပြီး အခင်းဖြစ်ပြီးရက်ပိုင်းအတွင်း၌ပင် အားလုံးသော ဝန်ထမ်းများနှင့် ၎င်းတို့ပစ္စည်းများကို လုပ်ငန်းခွင်သို့ မဝင်မီရှာဖွေစစ်ဆေးလျက်ရှိကြောင်း တရားရေးရာဝန်ကြီး အင်ဟာချ် ဘာလင်က ပြောကြားသည်။ ထို့အပြင် ယင်းသို့ဖြစ်ပေါ်လာရသည့် အကြောင်းကို ဖြေရှင်းပေးရန် ပါလီမန်သို့ တောင်းဆိုထားကြောင်း ရိုက်တာသတင်း၌ ဖော်ပြသည်။

တင်ဆောင်ခဲ့

မှုခင်းသတင်းထောက် အလ်ဘာတို စတီဂျီမန်က လေဆိပ်ဝတ်စုံဝတ်ပြီး ဝန်စည်သယ်ယူသူအဖြစ်အမှတ်အသားတံဆိပ်ကို တပ်ဆင်ကာ လေယာဉ်များပေါ်သို့ ဗုံးတုတစ်လုံးနှင့်မူးယစ်ဆေးဝါးတုများကို တင်ဆောင်ခဲ့ကြောင်း သတင်း၌ ဖော်ပြထားသည်။

သတ်မှတ်ဝတ်စုံ ဝတ်ဆင်ထားသည့် ဂိတ်စောင့်ဝန်ထမ်းများသည် လေယာဉ်ပေါ်သို့ အချိန်မရွေး တက်ခွင့်ရှိသည်ဟု ဘာလင်က ပြောကြားသည်။

တိုးမြှင့်ချထား

ဇူလိုင် ၁ရက်မှစ၍ လေဆိပ်ရှိ ဝန်ထမ်းများ ဝင်ပေါက်များ၌ လုံခြုံရေးစောင့်ကြည့်ရေးကိရိယာများ တပ်ဆင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ဝန်ထမ်းစစ်ဆေးမှုတွင်လည်း လုံခြုံရေးအစောင့်တစ်ယောက် အစားနှစ်ယောက်တိုးမြှင့်ချထားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဝန်ထမ်းများ အလုပ်ချိန် ကုန်ဆုံးပြီးနောက် လေဆိပ်မှထွက်ခွာရာတွင်လည်း ပြန်လည်စစ်ဆေးမှု ပြုလုပ်သွားမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

လုပ်ကြံခံရသူ အရှေ့တီမောသမ္မတ ရာမို့စ်ဟော်တာ တစ်လအတွင်း ကျန်းမာရေးပြန်ကောင်းလာနိုင်

ကင်ဘာရာ ဖေဖော်ဝါရီ ၁၄

လုပ်ကြံမှုတွင် ဒဏ်ရာရရှိခဲ့သော အရှေ့တီမောသမ္မတ ရာမို့စ်ဟော်တာအား ကုသပေးနေသည့် ဆရာဝန်များက သမ္မတ၏ကျန်းမာရေးအခြေအနေ တစ်လအတွင်းပြန်ကောင်းလာမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၃ ရက်က ပြောကြားသည်။

အရှေ့တီမောသမ္မတ၏ ကျန်းမာရေးမှာ ကောင်းမွန်လာနေပြီဖြစ်ကြောင်း ရွိုင်ရယ်ဒါဝင်ဆေးရုံမှ ခွဲစိတ်ပါမောက္ခ ကာဆန်၏ ပြောကြားချက်ကို ဩစတြေးလျသတင်းစာက ဖော်ပြသည်။

လွှဲပြောင်းတင်ပို့

အရှေ့တီမောသမ္မတသည် ပြီးခဲ့သော တနင်္လာနေ့က လုပ်ကြံသတ်ဖြတ်ခံရမှုတွင် ဒဏ်ရာရရှိခဲ့ပြီး ဒီလီ၌ ကုသမှုခံယူရာမှ ဩစတြေးလျနိုင်ငံရှိ ဒါဝင်ဆေးရုံသို့ တနင်္လာနေ့ နေ့လယ်၌ လွှဲပြောင်းတင်ပို့ခဲ့သည်။ ဖေဖော်ဝါရီ ၁၃ ရက်က အရှေ့တီမောသမ္မတ ရာမို့စ်ဟော်တာအား တတိယအကြိမ်မြောက် ခွဲစိတ်ကုသခဲ့ကြောင်း သိရသည်။

ထိုလုပ်ကြံသတ်ဖြတ်မှုတွင် သမ္မတသည် နောက်ကျော၌ နှစ်ချက်အပစ်ခံရပြီး တစ်ချက်မှာ ထုတ်ချင်းပေါက်ဒဏ်ရာရရှိခဲ့သည်။ သို့သော် သမ္မတ၏ ကျန်းမာရေးမှာ ကောင်းမွန်ကြောင်း ကာဆန်က ပြောကြားသည်။

အရှေ့တီမောသမ္မတ ရာမို့စ်ဟော်တာ၏ ဒဏ်ရာမှာ စိုးရိမ်နေရသည့် အခြေအနေတွင် ရှိနေကြောင်း၊ ၎င်းမှာ ခွဲစိတ်ခန်းမှ ထွက်လာပြီးနောက် သတိမေ့နေဆဲဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၅ ရက် သို့မဟုတ် ၁၆ ရက်၌ နောက်တစ်ကြိမ် ခွဲစိတ်ရဦးမည်ဖြစ်ကြောင်း ကာဆန်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အရှေ့တီမောနိုင်ငံ အေးချမ်းတည်ငြိမ်ရေးအတွက် အာလီမြို့၌ စောင့်ရှောက်နေသော ကုလသမဂ္ဂ လုံခြုံရေးတပ်ဖွဲ့ဝင် ပေါ်တူဂီတပ်ဖွဲ့များကို ဖေဖော်ဝါရီ ၁၃ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဆီးရီးယား၌ ကားဗုံးပေါက်ကွဲ ဟဇ်ဘိုလာစစ်ခေါင်းဆောင်တစ်ဦးသေဆုံး

ဘေရွတ် ဖေဖော်ဝါရီ ၁၄

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့တွင် ဖေဖော်ဝါရီ ၁၂ရက်က ဖြစ်ပွားသော ကားဗုံးပေါက်ကွဲမှု၌ ဟဇ်ဘိုလာ စစ်ဘက်ခေါင်းဆောင် အိုင်မက်မွန်နီယား သေဆုံးသွားသည်။

ယင်းဖြစ်ရပ်သည် ၁၉၈၀ပြည့်နှစ်များက ဖြစ်ပွားခဲ့သော အနောက်တိုင်းသားများကို ဓားစာခံဖမ်းဆီးသောကိစ္စနှင့် ဆက်စပ်နေသည်ယုံကြည်ရကြောင်း သိရသည်။

ဗုံးထိမှန်သေဆုံးသွားသူမွန်နီယားသည် အသက် ၄၀ကျော် အရွယ်ရှိပြီဖြစ်ပြီး၎င်း၏အဖွဲ့သည် ဆီးရီးယားနှင့် အီရန်နိုင်ငံတို့က ထောက်ခံအားပေးထား သော အဖွဲ့ဖြစ်သည်ဟုဆိုသည်။ ယခုသတ်ဖြတ်မှုမှာ အစ္စရေးတို့၏ လက်ချက်ဖြစ်ကြောင်း ဟဇ်ဘိုလာတို့က စွပ်စွဲသည်။ မွန်နီယားပါဝင်သော အဖွဲ့က ဖမ်းဆီးထားသော အနောက်နိုင်ငံသား အချို့မှာ သတ်ဖြတ်ခံခဲ့ရပြီး အချို့မှာ နောက်ပိုင်း၌ အမေရိကန်နှင့် လျှို့ဝှက်စွာ လက်နက်ဖြင့် လဲလှယ်ယူသည့် အစီအစဉ်များပြုလုပ်ခဲ့သည်။ ယင်းသို့လက်နက်နှင့် ဓားစာခံ လဲလှယ်သည့်အစီအစဉ်ကို အီရန်-ကွန်ထရာ အရေးအခင်းဟု လူသိများသည်။ ထိုစဉ်က ဟဇ်ဘိုလာများဖမ်းဆီးထားသူများတွင် စီအိုင်အေဒေသဆိုင်ရာ အကြီးအကဲတစ်ဦးလည်း ပါဝင်သည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့တွင် ဖေဖော်ဝါရီ ၁၂ရက်က ဖြစ်ပွားသော ကားဗုံးပေါက်ကွဲမှုတွင် သေဆုံးသွားရသော ဟဇ်ဘိုလာစစ်ရေးခေါင်းဆောင် အိုင်မက်မွန်နီယား။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးကဏ္ဍ (၃)

ပါမောက္ခ ဒေါက်တာပိုင်စိုး

ကာကွယ်ခြင်းသည် ကုသခြင်းထက် ကောင်းသည်ဟု ဆိုရိုးရှိသည့်အတိုင်း ကာကွယ်ရေးလုပ်ငန်းများကို ပိုမိုဦးစားပေးဆောင်ရွက်ရင်း တစ်ဖက်မှလည်း ဝေဒနာသည်များကို သက်သာပျောက်ကင်းစေရန် ပြုစုကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့်အပြင် ပြန်လည် ထူထောင်လာစေရန်လည်း ကုသမှုလုပ်ငန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကုသရေးလုပ်ငန်းများ

တိုးတက်လာသောလူဦးရေ၊ တိုးတက်လာသော ဆေးပညာရပ်ဆိုင်ရာ နည်းပညာအခြေအနေများအရ ၁၉၈၈ခုနှစ် နောက်ပိုင်းတွင် ဆေးရုံများကို အရေအတွက်သာမက အရည်အသွေးပါ မြှင့်တင်ပေးလျက်ရှိပါသည်။ ဤသို့ မြှင့်တင်ပေးလျက်ရှိရာတွင် ယခင်က ရှိနေသော ၁၆ ခုတင်၊ ၂၅ ခုတင်၊ ခုတင် ၅၀၊ ခုတင် ၁၀၀၊ ခုတင် ၁၅၀၊ ခုတင် ၂၀၀ နှင့် ခုတင် ၃၀၀ဆံ့ ဆေးရုံများမှ ၂၅ ခုတင်ဆံ့သို့ ၉၈ ရုံ၊ ခုတင် ၅၀ ဆံ့သို့ ၂၅ ရုံ၊ ခုတင် ၁၀၀ ဆံ့သို့ ၁၅ ရုံ၊ ခုတင် ၁၅၀ ဆံ့သို့ သုံးရုံ၊ ခုတင် ၂၀၀ ဆံ့သို့ ၂၀၊ ခုတင် ၂၅၀ ဆံ့သို့ တစ်ရုံ၊ ခုတင် ၃၀၀ ဆံ့သို့ သုံးရုံ၊ ခုတင် ၈၀၀ ဆံ့သို့ တစ်ရုံ မြှင့်တင်ပေးခဲ့ပါသည်။ ထို့ပြင် နယ်စပ်ဒေသမှ တိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို နယ်စပ်ဒေသ ကျန်းမာရေးစီမံချက်များရေးဆွဲ၍ ဆေးရုံ၊ ဆေးခန်း ဖွင့်လှစ်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများ ခန့်ထားခြင်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ ဖြည့်တင်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဗဟိုနှင့် ပြည်နယ်၊ တိုင်း အပါအဝင် မြို့ကြီးများတွင် ဆေးရုံသစ်များ တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အကြီးအကဲ၏ ရန်ကုန်-မန္တလေးတစ်ပြေးညီဆောင်ရွက်ရေး လမ်းညွှန်ချက်နှင့်အညီ မန္တလေးမြို့တွင် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီး၊ ခုတင် ၃၀၀ ဆံ့ သင်ကြားရေး ဆေးရုံကြီး၊ စိတ်ရောဂါအထူးကုဆေးရုံကြီး၊ အမျိုးသမီးဆေးရုံကြီးနှင့် ကလေးအထူးကုဆေးရုံကြီးများကို တည်ဆောက်ဖွင့်လှစ်ခဲ့ပါသည်။ အထက်မြန်မာပြည်နှင့်အောက်မြန်မာပြည် ကျန်းမာရေးစောင့်ရှောက်မှု တစ်ပြေးညီဖြစ်စေရေးအတွက် မန္တလေးပြည်သူ့ဆေးရုံကြီးကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးနည်းတူ အထူးကုသမှု ယူနစ်များ ဖွင့်လှစ်၍ အထူးကုဆရာဝန်ကြီးများနှင့် အခြားကျွမ်းကျင်မှု ပညာရှင်များကို ဖြည့်စွက်ပေးကာ လိုအပ်သော နောက်ဆုံးပေါ် ခေတ်မီအဆင့်မြင့် ဆေးရုံသုံး စက်ကိရိယာများ တပ်ဆင်ပေးခဲ့ပြီးဖြစ်ရာ အထက်မြန်မာပြည်မှ လူနာများ ရန်ကုန်သို့ ငွေကုန် ကြေးကျ များစွာအကုန်အကျခံပြီး ဆေးကုသမှုခံယူရန် မလိုတော့ဘဲ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်ကြပြီဖြစ်ပါသည်။ ဆေးရုံများ၏ ကုသမှုအရည်အသွေး ပိုမိုထိရောက် အောင်မြင်စေရန် ဆေးရုံနှင့် ကျန်းမာရေးဌာနများတွင်လိုအပ်သည့် ဆရာဝန်၊သူနာပြုနှင့် သားဖွားဆရာမများကိုတိုးချဲ့ခန့်ထားပေးခဲ့ပါသည်။

ခရိုင်အဆင့်ဆေးရုံများတွင် ဆေးပညာ၊ ခွဲစိတ်ကု၊ သားဖွား/မီးယပ်၊ ကလေးကျန်းမာ၊ မေ့ဆေးနှင့် သွားဘက်ဆိုင်ရာ အထူးကု ဘာသာရပ် ခြောက်မျိုးအတွက် ခရိုင်အထူးကု ဆရာဝန်ကြီး ၃၀၀ နှင့် ပြည်နယ်၊ တိုင်း ဆေးရုံများတွင် ဆေးပညာ၊ ခွဲစိတ်ကု၊ သားဖွား/မီးယပ်၊ ကလေးကျန်းမာ၊ မေ့ဆေး၊ အရိုး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဓာတ်မှန်၊ ရောဂါဗေဒ၊ စိတ်ရောဂါနှင့် သွားဘက်ဆိုင်ရာ အထူးကု ဘာသာရပ် ၁၂ မျိုးအတွက် ပြည်နယ်၊တိုင်း အထူးကုဆရာဝန်ကြီး ၂၅၉ ဦးနှင့် အထူးကုဆရာဝန် ၁၀၈ ဦးတို့ကို တိုးချဲ့ခန့်ထားခဲ့ပါသည်။

ကုသမှုလုပ်ငန်းများတွင် အရည်အသွေးတိုးမြှင့်လာစေရန် **နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ နိုင်ငံတော်မှ လုပ်ငန်းသုံးစက်ပစ္စည်း ကိရိယာများ ဝယ်ယူဖြည့်တင်းရန် ၁၉၈၈-၁၉၈၉ ခုနှစ်မှ ၂၀၀၇-၂၀၀၈ ခုနှစ် ကာလအတွင်း နိုင်ငံပိုင် နိုင်ငံခြားသုံးငွေ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၄၃ သန်း ခွဲဝေချထားပေးခဲ့ပါသည်။ ဤသို့ ခွဲဝေချထားပေးခဲ့သည့် နိုင်ငံပိုင် နိုင်ငံခြားသုံးငွေကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ် စီမံကိန်း၏ သင်ကြားရေးဆေးရုံများ အရည်အသွေးမြှင့်တင်ရေး အစီအစဉ်အရ ခေတ်မီဆေးရုံသုံး စက်ပစ္စည်းကိရိယာများ ဝယ်ယူတပ်ဆင်ပေးခဲ့ပါသည်။** ရန်ကုန်နှင့် မန္တလေးမြို့ရှိ ဗဟိုအဆင့် ဆေးရုံကြီးများနှင့် ပြည်နယ်၊ တိုင်းဆေးရုံများ၊ ခရိုင်ဆေးရုံများအပြင် အချို့မြို့နယ်ဆေးရုံများသို့ပါ ထောက်ပံ့ပေးခဲ့ပါသည်။

သင်ကြားရေးဆေးရုံများနည်းတူ ပြည်နယ်နှင့်တိုင်းဆေးရုံများတွင်လည်း ခေတ်မီဓာတ်ခွဲခန်းသုံး ပစ္စည်းကိရိယာများတပ်ဆင်ပြီး၊ သွေးဗေဒဆိုင်ရာ စက်ပစ္စည်း၊ အသားစယူ ရောဂါရှာဖွေရန် စက်ပစ္စည်း၊ သွေးတွင်းဒြပ်တိုင်းတာခြင်း ဆောင်ရွက်ရန် စက်ပစ္စည်းများ၊ မေ့ဆေးကိရိယာအပါအဝင် ခေတ်မီခွဲစိတ်ခန်းသုံး ပစ္စည်းကိရိယာများ ဖြည့်ဆည်း ပေးလျက်ရှိပါသည်။ ဗဟိုအဆင့် ဆေးရုံကြီးများနည်းတူ၊ ပြည်နယ်၊ တိုင်းဆေးရုံများတွင် ခုတင်နှစ်လုံးပါ အထူးကြပ်မတ် ကုသမှုယူနစ် ICU များ တပ်ဆင်ဖွဲ့စည်းလျက်ရှိပါသည်။ ခရိုင်ဆေးရုံများတွင်လည်း အထူးကု ဆရာဝန်များ ခန့်ထားပြီးဖြစ်ရာ ယင်းဆေးရုံများတွင် ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်းနှင့် ရောဂါရှာဖွေရေး ကိရိယာများကို ဆက်လက်ဖြည့်ဆည်းလျက် ရှိပါသည်။

ရောဂါရှာဖွေရေးတွင်လည်းကောင်း၊ ကုသရာတွင်လည်းကောင်း **လိုအပ်သော နောက်ဆုံးပေါ် ခေတ်မီနည်းပညာသုံး စက်များဖြစ်သော 64 Slice CAT Scan စက်များ၊ MRI စက်များ၊ ကင်ဆာရောဂါကု ဓာတ်ရောင်ခြည်စက်များ၊ ရေဒီယိုဓာတ်ကြွပစ္စည်း Isotope သုံး နှလုံးတိုင်း စက်ကြီးများကို ရန်ကုန်၊ မန္တလေးနှင့်နေပြည်တော်ရှိ ဆေးရုံကြီးများတွင် တပ်ဆင်ဖြည့်တင်းပေးခဲ့သဖြင့် လူနာများအား ထိရောက်သော ကုသမှုများကို ပေးနိုင်ခဲ့ပါသည်။**

ယခင်က မြန်မာနိုင်ငံတွင် ပြုလုပ်ပေးနိုင်ခြင်းမရှိသဖြင့် နှလုံးရောဂါ လူနာများကို လိုအပ်ပါက ပြည်ပနိုင်ငံများသို့ သွားရောက်၍ ရောဂါရှာဖွေ ကုသခဲ့ကြရာမှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရ လက်ထက်တွင် (Cardiac Catheterization



ရေဒီယိုဓာတ်ကြွပစ္စည်းသုံး နှလုံးတိုင်းတာရေးစက်

Laboratory) နှလုံးရောဂါ ရှာဖွေစမ်းသပ်သည့် အဆင့်မြင့် စက်ကြီးများကို ရန်ကုန်ပြည်သူ့ ဆေးရုံကြီး၊ နှလုံးရောဂါ ဆေးကုသဌာနတွင် ၁-၈-၂၀၀၀ ရက်နေ့တွင် လည်းကောင်း၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ နှလုံးရောဂါ ဆေးကုသဌာနတွင် ၂၇-၂-၂၀၀၁ ရက်နေ့တွင် လည်းကောင်း စတင်တပ်ဆင်ခဲ့ပြီး ကျဉ်းနေသော သွေးကြောများကို Balloon ဖြင့်ချဲ့၍ ကုသခြင်း၊ (Percutaneous Tranluminal Coronary Angiography-PTCA)သွေးကြောချဲ့ပြီး သတ္တုကွင်းစွပ်၍ ကုသခြင်း၊ (PTCA+Stent Development) နှလုံးပိုက်ထည့်၍ ရောဂါရှာဖွေကုသခြင်း စသည်တို့ဖြင့် နှလုံးရောဂါ ဝေဒနာသည်များအား ရောဂါရှာဖွေကုသပေးလျက်ရှိရာ ယနေ့အထိ ရန်ကုန် ပြည်သူ့ဆေးရုံကြီးနှင့် မန္တလေး ပြည်သူ့ဆေးရုံကြီးတို့တွင် စုစုပေါင်း လူနာ ၂၃၄ ဦး ရောဂါရှာဖွေ ကုသပေးပြီးဖြစ်ပါသည်။

ယခင်က ရင်ဖွင့်၍ နှလုံး ခွဲစိတ်ခြင်း Open Heart Surgery ကို ရန်ကုန် ပြည်သူ့ဆေးရုံကြီး တစ်ခုတည်းတွင်သာ ဆောင်ရွက်ခဲ့ရာမှ ယခုအခါ မန္တလေးပြည်သူ့ဆေးရုံကြီးတွင်လည်း ၅-၆-၂၀၀၀ ရက်နေ့မှ စတင်ပြုလုပ်ခဲ့ရာ ယနေ့အထိ စုစုပေါင်း လူနာ ၁၄၉၆ ဦးတို့ကို ခွဲစိတ်ကုသပေးခဲ့ပြီး ဖြစ်ပါသည်။

မြန်မာဆေးပညာရှင်များ၏ အရည်အသွေး ပြည့်ဝမြင့်မားလာနိုင်သည်နှင့်အမျှ အင်္ဂါအစားထိုး ခွဲစိတ်ကုသမှုများနှင့်ရင်ချင်းဆက်အမြွှာ၊ ကိုယ်ချင်းဆက်အမြွှာ ခွဲစိတ်ကုသမှုများကိုလည်း နိုင်ငံတကာအဆင့်မီ ပြုလုပ်နိုင်ခဲ့ပြီဖြစ်သဖြင့် မြန်မာ့ဆေးပညာ အဆင့်အတန်းအား ကမ္ဘာမှသိစေပါသည်။ ရန်ကုန်မြို့ ကလေးဆေးရုံရင်ချင်းဆက်အမြွှာ အေးအေးငြိမ်းနှင့်အိအိငြိမ်း ညီအစ်မကို ၂၅-၇-၁၉၉၃ ရက်နေ့တွင် အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်သကဲ့သို့ **ဖွံ့ဖြိုးပြီးနိုင်ငံခြား တိုင်းပြည်များတွင်ပင် ခက်ခက်ခဲခဲ ဆောင်ရွက်ရသော တင်ပါးချင်းဆက်အမြွှာခွဲစိတ်မှု တစ်ခုဖြစ်သော မိုးပပအောင်နှင့် မိုးမမအောင် တင်ပါးဆုံချင်းဆက် အမြွှာညီအစ်မတို့အား ၁၁-၈-၂၀၀၂ရက်နေ့၌ မန္တလေးမြို့ ကလေးဆေးရုံကြီးတွင် အောင်မြင်စွာ ခွဲစိတ်ကုသ ပေးနိုင်ခဲ့ပါသည်။** ဤကဲ့သို့ ဆောင်ရွက်နိုင်ခြင်းမှာလည်း ပညာရှင်တစ်ဦးကောင်း တစ်ယောက်ကောင်းကြောင့် မဟုတ်ဘဲ နိုင်ငံတော်မှ အချိန်ယူ၍ လေ့ကျင့် ပျိုးထောင်ထားသော မြန်မာ့ဆေးပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဖြစ်ပါသည်။

ကျောက်ကပ် အစားထိုး ခွဲစိတ်ကုသမှုကို ရန်ကုန်မြို့တွင် ၈-၅-၁၉၉၇ ရက်နေ့တွင် စတင်ပြုလုပ်ခဲ့ပြီး ယနေ့အထိ လူပေါင်း ၂၆ ဦး၊ မန္တလေးမြို့တွင်လည်း ၂၅-၁-၂၀၀၂ရက်နေ့မှ စတင်ကာ ယနေ့အထိ လူနာပေါင်း ရှစ်ဦး စုစုပေါင်း ၃၄ဦးကို ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသ ပေးခဲ့ပြီးဖြစ်ပါသည်။ နိုင်ငံတော်မှ ရင်းနှီးစိုက်ထုတ် ပံ့ပိုးမှုနှင့် မြန်မာ့ဆေးပညာရှင်များ၏ နှစ်ပေါင်း များစွာ အဆင့်ဆင့်အချိန်ယူ ကြိုးစားမှုကြောင့် ယခင် အချိန်များက နိုင်ငံခြားတွင်သာ ပြုလုပ်နိုင်သော ကျောက်ကပ် အစားထိုးကုသမှုအား ယခုအချိန်တွင် နိုင်ငံအတွင်း၌ ပုံမှန်လုပ်ငန်းသဖွယ် ဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အဖြစ်များသော အသည်းရောဂါနှင့် ပတ်သက်၍ အသည်းပျက်စီးချို့ယွင်းပြီး အစားထိုးကုသရန်မှတစ်ပါး အခြားကုသစရာ မရှိသောလူနာများအတွက် အသည်းအစားထိုးကုသမှုကို ၂၅-၈-၂၀၀၄ ရက်နေ့တွင် အောင်မြင်စွာအစားထိုးကုသနိုင်ခဲ့ပါသည်။ အလှူအတန်းနှင့်ပတ်သက်လာလျှင် မိမိ၏ကိုယ်အင်္ဂါ လှူဒါန်းရန် မတွန့်တိုသော မြန်မာလူမျိုးများအတွက် အင်္ဂါအစားထိုး ကုသရေးအောင်မြင်မှုများသည် အားတက်ဖွယ်ဖြစ်ပါသည်။

ကိုယ်ခန္ဓာအစားထိုး ခွဲစိတ်ကုသပေးမှုများတွင် နိုင်ငံခြားသို့ သွားရောက်ကုသပါက လူနာရှင်များအဖို့ သန်းပေါင်းများစွာ ကုန်ကျသဖြင့် သာမန်လူတစ်ဦးအတွက် လက်လှမ်းမမီဖြစ်နေသည့်ဘဝမှ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံ ပံ့ပိုးပေးမှုကြောင့် ယခုအချိန်တွင် ပြည်တွင်း၌ ကုန်ကျစရိတ် နည်းနည်းဖြင့် ကုသမှုကို ခံယူနိုင်ပြီဖြစ်ပါသည်။

ရှေးယခင် အချိန်များက ပစ္စည်းမပြည့်စုံမှု၊ ကျွမ်းကျင်သူ မပြည့်စုံမှုတို့ကြောင့် ထိခိုက်ဒဏ်ရာရမှု ကြီးကြီးမားမားဖြစ်ခဲ့လျှင် မလိုလားအပ်သော သေဆုံးမှုများ၊ ခြေလက်အင်္ဂါဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရပါသည်။ **ယခုအချိန်တွင် နိုင်ငံတော်မှ ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ၊ ခွဲစိတ်ခန်းများ တည်ဆောက်ဖြည့်တင်းပေးသည့်အပြင် ဆရာဝန်၊ ဆရာမများအား ပြည်တွင်း၊ ပြည်ပ လေ့ကျင့်သင်ကြားပေးထားသဖြင့် ထိခိုက်ဒဏ်ရာ လူနာများအား အချိန်မီအသက်ကယ်နိုင်ခြင်း၊ ခြေလက်အင်္ဂါများအား ဆက်ပေးနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။ မတော်တဆ ထိခိုက်ဒဏ်ရာရမှုကြောင့် လက်/ခြေ ပြတ်တောက်သွားသောလူနာများကိုလည်း အနုစိတ် ခွဲစိတ်ကုသမှုပြုလုပ်ပြီး အောင်မြင်စွာ ပြန်လည်ဆက်ပေးနိုင်ခဲ့ပါသည်။**

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အရိုးအထူးကု ဆရာဝန်ကြီးများမှခေတ်မီလက်ခွဲစိတ်ကု အဏုကြည့်မှန်ပြောင်းအသုံးပြုလျက် ၃၁-၇-၂၀၀၀ ရက်နေ့တွင် လွှဒဏ်ရာဖြင့် လက်ဝဲလက်ကောက်ဝတ်အထက်မှ ပြတ်တောက်သွားသည့် သစ်ခွဲစက်လုပ်သားအား အနုစိတ် ခွဲစိတ်ကုသမှုပြုလုပ်ပြီး အောင်မြင်စွာပြန်ဆက်ပေးခြင်း၊ ၄-၁၁-၂၀၀၃ ရက်နေ့တွင် ယာဉ်ထိခိုက်မှုဖြင့်ညာဘက် လက်ဖျံ (Right Forearm)တွင် အရေပြားအနည်းငယ်သာ တွဲလွဲကျနေသည်အထိ ဖြစ်ပွားခဲ့သော လူနာတစ်ဦးအားလည်းအောင်မြင်စွာပြန်လည်ဆက်ပေးခြင်း၊ ၁၁-၁-၂၀၀၄ ရက်နေ့တွင် ဓားခုတ်ခံရမှုကြောင့် ညာလက်ဖျံပြတ်တောက်သွားသော လူနာအား အနုစိတ်ခွဲစိတ်ကုသမှုများ ပြုလုပ်ပြီး အောင်မြင်စွာ ပြန်လည်ဆက်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၃-၁-၂၀၀၅ရက်နေ့တွင် လက်မရင်းပြတ်တောက်သွားခဲ့သောလူနာအား ညာခြေညိုးဖြင့် အစားထိုး ခွဲစိတ်ကုသမှု (Micro Surgery Technique)နည်းပညာဖြင့် ရန်ကုန်အရိုးအထူးကုဆေးရုံကြီး၌ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ အလားတူပင် ၃၁-၁-၂၀၀၅ ရက်နေ့တွင် ညာဘက်လက်ရင်းမှ ပြတ်တောက်သွားသော လက်ချောင်းငယ် တစ်ချောင်းအား ညာခြေညိုးဖြင့် အစားထိုးခွဲစိတ်ကုသမှုကို အရိုး အထူးကုဆေးရုံကြီး၌ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာဆေးပညာရှင်များသည် ဂျာမနီ၊ အမေရိကန်၊ စင်ကာပူ၊ သြစတြေးလျ၊ ဂျပန်၊ ကိုရီးယား၊ ဘယ်လ်ဂျီယံ၊ သြစတြီးယားနိုင်ငံ ခွဲစိတ်ကုအဖွဲ့များ စသော နိုင်ငံတကာ ဆေးပညာရှင်များနှင့်ပူးပေါင်း၍ ၁၉၉၈ခုနှစ်မှ ယနေ့အထိ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာပေါင်း ၃၂၃၅ ဦးအား အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့ပါသည်။ မြန်မာနိုင်ငံ ဆေးပညာရှင်များချည်းသက်သက်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ ဆေးပညာရှင်များနှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ လည်းကောင်း နှာခေါင်းကွဲ၊ အာခေါင်ကွဲ လူနာပေါင်း ၄၆၄၆ ဦးအား အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့ပါသည်။

ရောဂါတစ်ခုအား ကုသရာတွင် ရောဂါပျောက်ကင်းရုံဖြင့်သာ မလုံလောက်ပါ။ မူလပကတိအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ရပါမည်။ သို့ဖြစ်ပါ၍ ဝေဒနာရှင် လူနာများအား မူလအတိုင်း နိစ္စဓူဝလုပ်ရှားလုပ်ကိုင်ဆောင်ရွက်နိုင်ရန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရပါမည်။ လေဖြတ်၍ လမ်းမလျှောက်နိုင်သည့် လူနာအား လေဖြတ်ခြင်း၏ အကြောင်းရင်းအား ကုသပေးပြီး ယခင်ကကဲ့သို့ လမ်းပြန်လျှောက်နိုင်ရန်အတွက် ရူပဗေဒဆေးကုသမှုဖြင့် ပြန်လည်ထူထောင်ခြင်း လုပ်ငန်းသည် ကျန်းမာရေးစောင့်ရှောက်မှု တစ်စိတ်တစ်ဒေသပင်ဖြစ်ပါသည်။ ။

ဘော်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်

သတင်းဓာတ်ပုံ-စိုင်းသာလှိုင် (လိမ္မော်မြေ)

ဘော်ကြိုမုဋ္ဌော စေတီတော်မြတ် မုခ်လေးမုခ်အတွင်း၌ ကိန်းဝပ်စံပယ် သီတင်းသုံးလျက်ရှိသော ရတနာမာန်အောင်၊ ရတနာဉာဏ်အောင်၊ ရတနာရန်အောင်နှင့် ရတနာဈာန်အောင် ဗုဒ္ဓရုပ်ပွားဆင်းတုတော် လေးဆူအား ဖူးတွေ့ရစဉ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့သည် ရှေးဟောင်းဘုရားပုထိုးစေတီ အများအပြား တည်ထားကိုးကွယ်သည့် ဒေသဖြစ်သကဲ့သို့ နိုင်ငံကျော် ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီး ဘော်ကြိုဘုရားကြီးတည်ရှိရာ ဒေသလည်းဖြစ်သည်။ ဘော်ကြိုဘုရားကြီး (မုဋ္ဌောစေတီ)သည် သီပေါမြို့၏ အနောက်ဘက်ခြမ်း မန္တလေး-လားရှိုးမော်တော်ကားလမ်း၊ မီးရထားလမ်းအကြား ဒုဋ္ဌဝတီမြစ်မြောက်ဘက် အရပ်တွင်တည်ရှိသည်။ မြန်မာနိုင်ငံ၌ တန်ခိုးကြီးသော ရုပ်ပွားဆင်းတုတော်၊ ပုထိုးတော်၊ စေတီတော်များအနက် လူသိများလှသော ရှေးဟောင်းသမိုင်းဝင် ဘုရားကြီးတစ်ဆူ ဖြစ်ပေသည်။

ဘော်ကြိုဘုရားကြီးတွင် စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များပေါင်း၍ ဘော်ကြိုဘုရားဟု အများပြည်သူတို့ သိရှိကြသော်လည်း စေတီတော်၏ ဒါယကာနှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၏ ဒါယကာများမှာ တစ်ဦးစီဖြစ်ကြပြီး တည်ထားကိုးကွယ် ထုလုပ်လှူဒါန်းခဲ့သော နှစ်များလည်း ကွာခြားလျက်ရှိသည်။

ဘော်ကြိုဘုရား (မုဋ္ဌောစေတီတော်)၏ ဒါယကာမှာ ဂေါတမ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်း ၂၃၄ နှစ်ကြာသောအခါ ပါဋလိပုတ်ပြည်ကြီးနှင့် ဇမ္ဗူဒီပါ တစ်ကျွန်းလုံးကို အစိုးရတော်မူသော သီရိဓမ္မာသောက မင်းကြီး ဖြစ်ပါသည်။

တတိယသင်္ဂါယနာတင်ပြီးကာလ သာသနာသက္ကရာဇ် ၂၀၀နှင့် ၃၀၀ ကြားတွင် မုဋ္ဌောစေတီတော်အား တည်ထားခဲ့ခြင်းဖြစ်သည်။

တိုင်းရင်းသားပေါင်းစုံ၏ လုပ်အားဒါနဖြင့် တည်ထားကိုးကွယ်ခဲ့ကြောင်း သိရသည်။ စေတီတော်၏ ဘွဲ့တော်မှာ မုဋ္ဌောစေတီတော်ဖြစ်သည်။ မုဋ္ဌိသဒ္ဒါမှာ လက်တစ်ဆုပ်သုံးပေ စသည်ဖြင့် ပါဠိအဘိဓာန်၌ ဖွင့်ဆိုထားသဖြင့် ယင်းအတိုင်းအတာရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ဌာပနာထားသည့် စေတီတော်ဖြစ်သည်။ သီရိဓမ္မာသောကမင်းကြီးသည် စေတီတော်ကို ရေကန်အလယ်တွင် ရွှေ၊ ငွေ၊ ကြေး၊ အုတ်မျိုးတို့ဖြင့် မြေစိုက်ပန္နက်တော်ချ၍ မွေတော်စစ်ကို ဌာပနာလျက်တည်ဆောက်ခဲ့ပြီး ဘွဲ့တော်ကိုလည်း မုဋ္ဌောစေတီဟု သမုတ်ခဲ့ပေသည်။

ဘော်ကြိုဘုရားကြီးစေတီတော်အား တည်ထားရာနေရာသည် ဘုရားအလောင်းနစဉ်ဘဝ ဝက်ဖြူမင်းဖြစ်စဉ် ရေအိုင်နေရာ၌ စေတီတော်တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပြီး ဘုရားကြီး၏ မုခ်လေးမုခ်တွင် ကိုးကွယ်ထားသည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော် လေးဆူ၏ ဘုရားဒါယကာမှာ ခရစ်နှစ် ၁၁၇၄ ခုနှစ် မြန်မာသက္ကရာဇ် ၅၃၆ ခုနှစ်၌ ပုဂံပြည့်ရှင် မင်းယဉ်နရသိင်္ခ၏ညီတော် နရသူ၏သားတော် နရပတိစည်သူမင်းကြီးဖြစ်သည်။ ပုဂံရာဇဝင်တွင် နရပတိစည်သူမင်းကြီးသည် စံကားပင်သားများဖြင့် ဘုန်းတော်ကြီးကျောင်းကိုးကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့သည့်အတွက် စံကားကိုးကျောင်းဒါယကာဟု လည်းကောင်း၊ စံကားကိုးပိုင်းဖြင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော် ထုလုပ်လှူဒါန်းခဲ့သည့်အတွက် စံကားကိုးပိုင်းဒါယကာဟု လည်းကောင်း ဂုဏ်ပြုမှည့်ခေါ်ထားသည်ကို တွေ့ရသည်။ ဘော်ကြိုဘုရားကြီး၏ မုခ်လေးမုခ်တွင် တိုင်းရင်းသားများ ကိုးကွယ်ရန် ရှမ်းပြည်နယ်တစ်ခွင်သို့ နရပတိစည်သူမင်းကြီးက ဗုဒ္ဓလက်ဆောင်အဖြစ် သာသနာတော် ထွန်းကားပြန့်ပွားရန် ရည်သန်၍ စံကားကိုးပိုင်း ဗုဒ္ဓရုပ်ပွားတော်များ ထုလုပ်လှူဒါန်းရာ ဘော်ကြိုဘုရားကြီးတွင် ကိုးကွယ်ပူဇော်ထားသော ဗုဒ္ဓရုပ်ပွားတော်များလည်း အပါအဝင်ဖြစ်သည်။

ပုဂံပြည့်ရှင် နရပတိစည်သူမင်း စံကားသား ကိုးပိုင်းကို ဗုဒ္ဓရုပ်ပွားတော်များ ထုလုပ်လှူဒါန်းခဲ့သော ရှမ်းပြည်နယ်အတွင်းရှိ ရုပ်ပွားတော်များမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် သီပေါမြို့နယ် ဘော်ကြိုဒေသ၌ လေးဆူ၊ ကျောက်မဲမြို့နယ် မင်းတုန်းဒေသ၊ နောင်ချိုမြို့နယ် သုံးဆယ်ဒေသ၊ နမ့်ဆန်မြို့နယ် လွယ်ဆိုင်တောင်ဒေသ၊ မိုးမိတ်မြို့နယ်ဒေသ၊ လားရှိုးမြို့နယ် မိုင်းပိုင်ဒေသနှင့် သိန်းနီမြို့နယ် ဟိုမိန်းဒေသတို့၌ တစ်ဆူစီ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ကျေးသီးမန်စံမြို့နယ် ကျိုင်းလပ်ဒေသနှင့် မိုင်းကိုင်မြို့နယ် မိုင်းကိုင်ဒေသတွင် တစ်ဆူစီ စုစုပေါင်း ၁၂ ဆူဖြစ်သည်။

ဘော်ကြိုဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်မှာ ယခင်က နှစ်စဉ် တပေါင်းလဆန်း ၇ ရက် နေ့မှ တပေါင်းလပြည့်ကျော် ၁ ရက်နေ့အထိ ဘုရားပွဲတော်အဖြစ် ကျင်းပခဲ့ပေသည်။

ဘော်ကြိုမုဋ္ဌောစေတီတော်မြတ်အား အဝေးမှ ဖူးတွေ့ရစဉ်။

ထို့နောက်ပွဲတော်ကို တပေါင်းလဆန်း ၁၀ ရက်နေ့မှ တပေါင်းလပြည့်ကျော် ၁ ရက်နေ့အထိ စည်ကားစွာ ကျင်းပခဲ့ရာ ယနေ့တိုင်သည်။

ဘော်ကြိုဘုရားကြီး ပရိဝုဏ်အတွင်း အနောက်မြောက်ထောင့်၌ ပေါက်လျက်ရှိသော စံကားပင်မှာ ဘုရားစေတီ၊ အုတ်၊ ပြာသာဒ်၊ ထီးတော်၏ အမြင့်ထက်သို့ မည်သည့်အခါမျှ မြင့်တက်မသွားခြင်း၊ ဘုရားကြီး၏ အနောက်တောင်ထောင့်အရပ်တွင် စေတီတော်၏အောက်မှ ရေစီးဆင်းနေပြီး ဆယ့်နှစ်လရာသီ ရေထွက်နေခြင်း၊ မုခ်လေးမုခ်တွင် ကိန်းဝပ်စံပယ်သော ရုပ်ပွားတော်များသည် သီတင်းသုံးသည့် မုခ်များတွင်သာ အစဉ်အမြဲ ကိန်းဝပ်စံပယ်စေရခြင်း၊ ပင့်ဆောင်သည့်အခါတွင်လည်း ရှေ့နောက် ဘွဲ့စဉ်များအတိုင်း ပင့်ဆောင်ရခြင်း စသည့် ထူးခြားဖွယ်ရာ အများအပြားရှိသည်။

ယခုအခါ ဘော်ကြိုဘုရား(မုဋ္ဌောစေတီတော်)မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရေးဦးစီးကော်မတီ နာယက သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည် ဦးဆောင်သော ဘော်ကြိုဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခင်နှင့် အဖွဲ့ဝင်များသည် မြို့နယ်သံဃနာယကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်၊ သံဃာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရှေးဟောင်းသမိုင်းဝင် ဘော်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကြီးကို ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိပေသည်။

ဘော်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်နေ့ (မတ် ၁၆ ရက်မှ ၂၁ ရက်)အထိ ကျင်းပမည်ဖြစ်သည်။

ရှေးဟောင်းသမိုင်းဝင် ဘော်ကြိုမြတ်ဘုရားကြီး အထွေထွေဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးအတွက် ရွှေပြား၊ ရွှေသင်္ကန်း၊ လျှပ်စစ်မီးနှင့် အလှူငွေများ လှူဒါန်းလိုကြသော ရဟန်းရှင်လူစေတနာရှင်များ စိတ်ချမ်းမြေ့စွာ လှူဒါန်းနိုင်ရေးအတွက် ဘော်ကြိုဘုရားကြီး ရင်ပြင်တော်ပေါ်တွင် အလှူခံဌာနများ ဖွင့်လှစ်စီစဉ်ထားရှိကြောင်း သိရသည်။

သို့ဖြစ်ရာ ဗုဒ္ဓနွယ်ဝင် ပြည်သူများအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ရှိ သမိုင်းဝင် ဘော်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယပွဲသို့ ကြွရောက်ကြည်ညိုနိုင်ကြပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ။

ရန်ကုန် ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန် ဆရာအတတ်သင်သိပ္ပံ (ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲကို မေ ၁ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် အဆိုပါကောလိပ်၌ ကျင်းပမည်ဖြစ်ရာ သိပ္ပံဖွင့်လှစ်ခဲ့သည့် ၁၉၄၇ ခုနှစ်မှစ၍ယနေ့အထိတာဝန်ထမ်းဆောင်ခဲ့ကြသော အသက် (၆၀)ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ပါရန်နှင့် ကျောင်းသား၊ကျောင်းသူဟောင်းများ(ပညာရေးကောလိပ်သင်တန်းဆင်းများအပါအဝင်) သည် ဦးနု ဖုန်း-၆၃၈၃၅၅၊ ဦးသာအောင်ကျော် ဖုန်း-၃၉၆၃၁၂၊ ဦးမဲအောင် ဖုန်း-၀၉-၅၁၄၉၇၉၄၊ ဦးလုထွန်း ဖုန်း-၅၄၈၉၇၉၊ ဦးအောင်ချိန် ဖုန်း-၀၂-၆၄၆၁၄၊ ဦးအေးလွင် ဖုန်း-၂၁၂၉၆၉/၄၀၁၊ ဒေါ်အေးအေးစိုး ဖုန်း-၀၆၇-၄၀၇၃၉၅၊ ဦးရန်နောင် ဖုန်း-၆၄၄၀၉၈၊ ဒေါ်ယဉ်ယဉ်နွဲ့ ဖုန်း-၅၆၁၅၆၅၊ ဦးသိန်းလွင် ဖုန်း-၅၅၅၈၉၆၊ ဦးကြည်ဝင်း ဖုန်း-၇၂၀၂၆၉၊ ဦးကျော်တင့် ဖုန်း-၅၇၁၃၄၀၊ ဦးစိုးတင့် ဖုန်း-၃၈၉၆၄၇ နှင့် ဦးကျော်ဒွေးတို့သို့ လည်းကောင်း၊ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းပညာရေးဦးစီးဌာနများမှ တစ်ဆင့်လည်းကောင်း ဧပြီ ၂၅ရက် (သောကြာနေ့) နောက်ဆုံးထား၍ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်းနှင့် မြတ်ဆရာပူဇော်ပွဲသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများ စုံစုံညီညီ တက်ရောက်ကြရန် အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားသည်။

(က-ပ)

မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက်ရှိ သမိုင်းဝင်ဆံတော်ရှင် ဦးဇိနစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှု လုပ်ငန်းများအတွက် ဖေဖော်ဝါရီ ၃ရက်က အလှူရှင် မွန်ပြည်နယ် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း တိုင်းရောင်းဝယ်ရေးအရာရှိ ဦးစိန်မြင့်-ဒေါ်အေးအေးချစ်မိသားစုက ငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းရာ ဘုရားဂေါပကအဖွဲ့အတွင်းရေးမှူး ကုန်တိုက်မန်နေဂျာ (ငြိမ်း)ဦးလှတင် လက်ခံယူစဉ်။

(၃၀၇)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် မြောက်ဥက္ကလာပမြို့နယ် သုနန္ဒာလမ်း ရတနာကျွန်းရိပ်သာရပ်ကွက်နေ ဗိုလ်မှူးကြီး မြမောင်(ငြိမ်း)-ဒေါ်တင်မိုးရည်၊ သား၊ သမီး၊ မြေး၊ မြစ်များက ငွေကျပ် ၁၁၅၀၀၀ ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၂-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅	၄။	မဟာဂီတ ချိုကြည်မြ
၄း၅၅	၅။	မျိုးချစ်တပ်မတော်
၅း၀၀	၆။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၃၅	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၃၀	၁၁။	စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၆း၄၅	၁၂။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဒီလှိုင်းနှင့်အတူ"(အပိုင်း-၁၉)**
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	**စေညွှန်ရာလမ်းမများ** -တက္ကစီမင်းနှင့်မောင်ရိုးအဖွဲ့
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြည့်ချစ်သူရဲကောင်း" (အပိုင်း-၃၃)**
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

❍ ရှေ့ဖုံးမှ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းအတွင်းရှိ တပ်ရင်းတပ်ဖွဲ့များ၊ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်နှင့် ကြက်၊ငါးမွေးမြူရေးအထူးဇုန်တို့မှ ကိုယ်တိုင်ထုတ်လုပ်သူလုပ်ငန်းရှင်များ၏ ကြက်သား၊ ကြက်ဥ၊ငါးနှင့် ဟင်းသီးဟင်းရွက်အရောင်းဆိုင်များ၊ ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်နှင့် ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၏ အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်ကြီးများအသင်း၏ ဆန်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စားအုန်းဆီအရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ကြက်သွန်နီနှင့် ကြက်သွန်ဖြူစားဖိုဆောင်သီးနှံများ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၏ ကြက်သွန်နီနှင့် ကြက်သွန်ဖြူအရောင်းဆိုင်များ၊ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေး အရောင်းဆိုင်၊ ဘုရင့်နောင်ပွဲရုံနယ်မြေမှ ကုန်ခြောက်အရောင်းဆိုင်များ၊ ပုဂ္ဂလိကများ၏ ဆိတ်သား၊ ဝက်သား၊ အမဲသား၊ ရေချိုရေငန်ငါးမျိုးစုံ၊ နို့ထွက်ပစ္စည်းအရောင်းဆိုင်များ၊ ဟင်းသီး ဟင်းရွက်၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ကုန်ခြောက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အခွန်လွတ်ဈေးများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များဖြစ်သည့် "ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သည့် ဟင်းသီးဟင်းရွက်နှင့် သားငါးများ တစ်ဆင့်ခံမရှိဘဲ တိုက်ရိုက် ရောင်းချနိုင်ရန်၊ အခြေခံလူတန်းစားပြည်သူများနှင့် လစာနည်းဝန်ထမ်းများ သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်၊သားငါးနှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန်"ဟူသည့် အခြေခံအချက်များနှင့်အညီ တာဝန်ရှိသူအဆင့်ဆင့်က အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားကြစေရေးနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

(၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေး အတွင်းဝန် မစ္စတာ တိုဟာစ်ဟော်စိန် လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးအတွင်းဝန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ဝန်ကြီး ဦးဉာဏ်ဝင်းအား တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ တိုဟာစ်ဟော်စိန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ အဘူရိုရှ်ဒီရိုကိုနုဒ်ဒေါလနှင့်အတူ ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

အဆိုပါကိုယ်စားလှယ်အဖွဲ့သည် ယင်းနေ့နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည့် တတိယအကြိမ်မြောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ယင်းညှိနှိုင်း အစည်းအဝေးတွင် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ တိုဟာစ်ဟော်စိန်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူတို့သည် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် အကျိုးတူကိစ္စရပ်များ၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးကြသည်။

ယင်းနေ့ ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက ဧည့်သည်တော် နိုင်ငံခြားရေးအတွင်းဝန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲ ဖြင့် တည်ခင်းဧည့်ခံသည်။

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်၌ ရောက်ရှိစဉ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်အားလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေအားလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်းအားလည်းကောင်း သွားရောက်တွေ့ဆုံခဲ့သည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ တစ်ဆင့် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

အမက(၂၁) လှိုင်တွင် ဖေဖော်ဝါရီ ၅ရက်က လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စိုးလွင်က ကြီးမှူး၍ မိဘပြည်သူစေတနာရှင်များ လှူဒါန်းသော ၂၉ လက်မတီဗွီနှင့် ဒီဗွီဒီပြစက်ကို လက်ထောက်မြို့နယ်ပညာရေးမှူး ဦးစောအောင်မြဝင်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စိုးလွင်နှင့် အမက(၂၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းဦးတို့က လက်ခံရယူကြစဉ်။ (က-ပ)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား သတ္တဝါများ

အစွယ်အရှည်ဆုံး မြွေ

ကုန်းသတ္တဝါတို့အနက် အစွယ်အရှည်ဆုံးသတ္တဝါမှာ အပူပိုင်းအာဖရိကဒေသမှ အဆိပ်ပြင်းသည့် မြွေပွေးဖြစ်သည်။ **(ဝဲပုံ)**၎င်းမြွေပွေး၏ အစွယ်မှာ ၅၀မီလီမီတာ(၂လက်မ) အထိ ရှည်ကြောင်း သိရသည်။ အခြားမြွေများထက် အဆိပ်ထုတ်လုပ်မှုပမာဏမှာလည်း များပြားသည်။ အရွယ်ရောက်ပြီး မြွေပွေးအထီး တစ်ကောင်၏ အဆိပ်မှာ လူကြီး ၃၀ကို သေစေလောက်သည် အထိ ပြင်းထန်ကြောင်း သိရသည်။

အကြီးဆုံး ခြဘုရင်မ



အာဖရိကတိုက် ဘော့ဆွာနာနိုင်ငံတွင် တွေ့ရှိရသော ခြဘုရင်မ **(ယာပုံ)**သည် ကမ္ဘာပေါ်၌ အရွယ်အစားပမာဏအကြီးဆုံး ခြဖြစ်သည်။ အဆိုပါခြဘုရင်မ၏အတိုင်းအတာပမာဏသည် ၁၄ စင်တီမီတာ(၅ဒသမ ၅လက်မ)အထိရှိပြီး တစ်ရက်လျှင် ဥပေါင်း သုံးသောင်းခန့် အုကြောင်း သိရသည်။

ပါးစပ်အကျယ်ဆုံးသတ္တဝါ

ပါးစပ်ကျယ်ကျယ်နှင့် သတ္တဝါကိုပြပါဟုဆိုလျှင် ရေမြင်းကိုသာ ညွှန်ပြကြမည်ဖြစ်ပါသည်။ မှန်လည်းမှန်ပါသည်။ ကုန်းသတ္တဝါတို့အနက် ရေမြင်းသည် ပါးစပ်အကျယ်ဆုံး သတ္တဝါဖြစ်သည်။ ရေမြင်းကြီးတစ်ကောင်သည် သူ၏ပါးစပ်ကြီးကို အစွမ်းကုန် ဟလိုက်ပါက ၁၈၀ ဒီဂရီအထိ ဟနိုင်ကြောင်းနှင့် ယင်း၏ ပါးစပ်အကျယ်မှာ ၁ ဒသမ ၂ မီတာ(လေးပေ) အထိရှိကြောင်း သိရသည်။ **(ဝဲပုံ)**

အကြီးဆုံး ခရု

အာဖရိကရှိ ခရုကြီးတစ်မျိုးသည် ကမ္ဘာပေါ်တွင် အကြီးဆုံး ခရုအမျိုးအစားဖြစ်သည်။**(အောက်ပုံ)** မှတ်တမ်းအရ အဆိုပါခရုကြီး၏အလျားမှာ နှုတ်သီးမှ အမြီးအထ အစွမ်းကုန်ဆန့်လိုက်ပါက ၃၉ဒသမ၃စင်တီမီတာ(၁၅ဒသမ၅လက်မ)ရှည်သည်။အခွံ၏အလျားမှာ ၂၇ဒသမ၃စင်တီမီတာ(၁၀ဒသမ၇၅လက်မ)ရှိပြီး ၎င်းခရု၏ ကိုယ်အလေးချိန်မှာ နှစ်ပေါင်အထိလေးကြောင်း သိရသည်။



✳ ကျောဖုံးမှ
တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

တက်ရောက်ကြည့်ရှုအားပေး

ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ဖေဖော်ဝါရီ ၅ ရက်တွင် လှည်းကူးပညာရေးကောလိပ်၊ ပဲခူးဒီဂရီကောလိပ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)တို့သို့သွားရောက်၍ ပညာရည်တိုးတက်မြင့်မားရေးဆိုင်ရာများကို ဆွေးနွေးမှာကြားပြီး အင်္ဂလိပ်စကားပြော တတ်ကျွမ်းမှု စွမ်းရည်ပြ စကားရည်လုပွဲသို့ တက်ရောက်ကြည့်ရှု အားပေးသည်။

ယင်းနောက် ဝန်ကြီးသည် ဒဂုံတက္ကသိုလ်သို့ သွားရောက်၍ ရူပဗေဒလက်တွေ့ စာသင်ခန်း၌ ကျောင်းသား၊ ကျောင်းသူများ သင်ကြားသင်ယူနေမှုနှင့် ဘူမိဗေဒပြခန်းတို့ကို လှည့်လည်ကြည့်ရှုကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၄

လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် (၃၃၇/က) ပြည်လမ်း လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၁၁၇) ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို (ဖေဖော်ဝါရီ ၂၁ ရက်) တပို့တွဲလဆန်း ၁၅ ရက်မှ (၂၈ ရက်) တပို့တွဲလပြည့်ကျော် ၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း- ၅၃၄၃၂၉ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

အရှင်အာဒိစ္စရံသီ၏ ၁၈ ရက် တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၄

အရှင်အာဒိစ္စရံသီ (စာရေးဆရာ ဆန်းလွင်)၏ တရားစခန်းပွဲကို ရန်ကုန်မြို့ အမှတ်(၁၉) စက်မှုလက်မှု ၄ လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ်ရှိ သဒ္ဓမ္မကာရီ ဓမ္မာရုံ၌ မတ် ၄ ရက်မှ ၂၁ ရက်အထိ ၁၈ ရက် အထူးတရားစခန်း ကျင်းပမည်ဖြစ်သည်။ တရားစခန်း ဝင်လိုသူများသည် လူဦးရေကန့်သတ်ထားသဖြင့် ဦးမြတ်ထွန်း ဖုန်း- ၅၄၃၈၂၆၊ ဒေါ်လဲ့လဲ့ကျော် ဖုန်း- ၀၉-၅၀၄၆၆၄၀၊ ဒေါ်စောမြတ်ကလျာဆန်း (ယာယာ) ဖုန်း- ၅၄၃၂၃၃၊ ၀၉ ၅၁၅၇၃၃၉တို့ထံ ကြိုတင်ဆက်သွယ် စာရင်းပေးကြရန် နှိုးဆော်ထားသည်။ (က-ပ)

❁ ပြည်ထောင်စုနေ့မှ
ရောက်ရှိလေ့လာကြရာ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြတ်ကျော်က အမျိုးသားပရဆေးဥယျာဉ်နှင့် စပ်လျဉ်း၍ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် နေပြည်တော်မြို့မဈေး၊ နေပြည်တော် ဟိုတယ်ဇုန်နှင့် နေပြည်တော် ရေပန်းဥယျာဉ်တို့သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၅-၂-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈း၀၀ ၆။ အတီးပြိုင်ပွဲ
- ၈း၁၀ ၇။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၈း၂၀ ၈။ ဟင်းရွက်ရေလှောင်တမံ
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ English for Everyday Use..
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ Practice In Reading
- ၄း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၅း၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
- ၅း၁၅ ၆။ မြန်မာစာ၊မြန်မာစကား
- ၅း၃၀ ၇။ **"အသိစိတ်ကလေး အရင်းတည်၍" (ဖြိုးငွေစိုး၊ထက်ရှား၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)**
- ၅း၄၅ ၈။ နှောင်းခေတ်တေးပဒေသာ
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇း၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လေဒီယာနှင့်ဆုံစည်းခြင်း" (အပိုင်း-၉)**
- ၇း၃၀ ၁၃။ လူငယ်များဆင်နွှဲ ဖုန်ရင့်ရေခဲတောင်အောင်ပွဲ
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝဆက်တိုင်း" (အပိုင်း-၁)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဧည့်သည်တော်များ နေပြည်တော် ခုတင်(၃၀၀)ဆံ့ ဆေးရုံကြီး ခွဲစိတ်ဆောင်တွင် Aus AID အဖွဲ့က လှူဒါန်းသော မျက်စိခွဲစိတ်ပစ္စည်း ကိရိယာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ခုတင်(၃၀၀)ဆံ့ ဆေးရုံကြီးအတွက် မျက်စိခွဲစိတ်ပစ္စည်းကိရိယာများ လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန နေပြည်တော် ခုတင်(၃၀၀)ဆံ့ ဆေးရုံကြီးအတွက် ဩစတြေးလျနိုင်ငံ Aus AID အဖွဲ့မှ Vission Myanmar Project မျက်စိခွဲစိတ်ပစ္စည်းကိရိယာများ လှူဒါန်းပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ခုတင်(၃၀၀)ဆံ့ ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ဩစတြေးလျနိုင်ငံ Aus AID အဖွဲ့မှ Dr. James Muecke က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး မျက်စိခွဲစိတ်ကုပစ္စည်းကိရိယာများကို ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဧည့်သည်တော်များသည် ခုတင် (၃၀၀)ဆံ့ ဆေးရုံကြီး ခွဲစိတ်ဆောင်သို့ သွားရောက်၍ Aus AID အဖွဲ့မှ လှူဒါန်းသော မျက်စိခွဲစိတ် ပစ္စည်းကိရိယာများကို ကြည့်ရှုစစ်ဆေး၍ လူနာများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

Aus AID အဖွဲ့မှ Vission Myanmar Project အတွက် လှူဒါန်းသော မျက်စိခွဲစိတ်ကိရိယာများမှာ Topcon Operation Microscope, Slit Lump Bio Microscope, A-Scan & Keratometer (မျက်တွင်းမှန် ပါဝါတိုင်းကိရိယာများ)၊ Microsurgical Instrument ပစ္စည်းများဖြစ်သည်။

ခွဲစိတ်ကုသပေးခဲ့

ယနေ့ မျက်စိခွဲစိတ်ကုသမှုကို မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာစန်းစန်းနွဲ့နှင့် မျက်စိခွဲစိတ်ဆရာဝန် ဒေါက်တာရီရီအောင်တို့က ဆောင်ရွက်ပေးလျက်ရှိပြီး မျက်စိအတွင်းတိမ် ဝေဒနာရှင် ၁၄ ဦးအား ခွဲစိတ်ကုသပေးခဲ့သည်။

အဆိုပါ Aus AID အဖွဲ့သည် နေပြည်တော် ခုတင် (၃၀၀)ဆံ့ ဆေးရုံကြီးအပါအဝင် ပြင်ဦးလွင်၊ လားရှိုးနှင့် သဃ်္ဃန်းကျွန်း ဆေးရုံကြီးများသို့လည်း မျက်စိခွဲစိတ်ကု ပစ္စည်းကိရိယာများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သုတစွယ်စုံစာပေဆု ချီးမြှင့်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးကြပ်၍ Swesone Media Group၏ သုတစွယ်စုံစာအုပ်တိုက်က ချီးမြှင့်မည့် တတိယအကြိမ် သုတစွယ်စုံစာပေဆု ချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်းရှိ Hotel Nikko ခန်းမကြီးတွင် ကျင်းပမည်ဖြစ်ရာ ဆုရစာရေးဆရာများ အချိန်မီတက်ရောက်၍ ဆုလက်ခံရယူနိုင်ရန် နှိုးဆော်ထားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (ကြေးမုံ)

ဖေဖော်ဝါရီ ၁၄ ရက်က အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တထောင်မြို့နယ်၌ ကျင်းပသည့် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲနှင့် ဟောပြောပွဲတွင် ပန်းချီဆုရရှိသည့် ကျောင်းသားငယ် တစ်ဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်နန်းထိုက်အောင် ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

The LIVE NEWS ဂျာနယ်အမှတ်(၇၁)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

နိုင်ငံတကာသတင်းများနှင့်ပြည်တွင်းသတင်းများကို အမှန်ဆုံးနှင့် အမြန်ဆုံး ဖော်ပြထုတ်ဝေလျက်ရှိသည့် The LIVE NEWS ဂျာနယ် အမှတ်(၇၁)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန် ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းမှ CNG တိုးမြှင့်ထုတ်လုပ်မည်၊ CNG တက္ကစီပေါင်း ၂၅၆၀ စီးကို ဖေဖော်ဝါရီလအတွင်း တက္ကစီမီတာများ အပြီးတပ်ဆင်သွားမည်၊ အချစ်မျက်ဝန်းပိုင်ရှင် သူငယ်ချင်းချစ်သူလေးကို တကယ်ပိုင်ဆိုင်ခွင့်ရသွားတဲ့ L လွန်းဝါ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်ပညာနှင့် ပတ်သက်သည့် သင်တန်းငါးခု တစ်ပြိုင်တည်းဖွင့်လှစ်နိုင်ရန် စီစဉ်နေ၊ တရုတ်နိုင်ငံတွင် နှင်းမုန်တိုင်းဒဏ်ကို ကြံ့ကြံ့ခံတွန်းလှန်လျက်ရှိ၊ အမေရိကန်သမ္မတလောင်း အကြိုရွေးချယ်ပွဲများ၊မင်းသားမင်းသမီးတို့၏ အပြိုင်ကကြိုးများအတွက် တုတ်ထိုးသကြားလုံး စီးပွားရေး ဆိုင်းချက်တီးလုံးသံဆန်းများ၊ မေလမတိုင်မီသက်ဆင်ပြန်လာမည်၊ စိတ်ဝေဒနာရှင်များကို အသုံးပြုလာသည့် အီရတ်ဗုံးခွဲမှု လူ ၁၀၀ ခန့်သေဆုံး၊ ထည့်မလောက် အာဖဂန်နှင့် သဒ္ဒါလန်နေတိုး၊ ညစာစားပွဲ၊ တောင်ကြီးဂေါက်ကလပ်ကို နှုတ်ဆက်ခဲ့ပါတယ်၊ Signal Pagoda Road မှသည် အလံပြဘုရားလမ်းသို့၊ တက္ကစီမင်းနှင့် အကျင့်ဆိုး၊ ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်းများ စသည့်သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာ ကဏ္ဍများကို မြင်းမူ မောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ သက္ကု (ခေတ္တရာ)၊ မောင်မြတ်မွန်(ဆူးလေ)၊ သစ်လွင်မိုး၊ မောင်နေလင်း၊ ဆြာစန်း၊ ရဲဇော်(ဇီးကုန်း)နှင့် အမြို့မြို့ အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The LIVE NEWS ဂျာနယ်နှင့်လစဉ်ထုတ် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ် (၃၁၀) ဝါးတန်းလမ်း မြေညီထပ် အခန်း (၀၀၄) လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကမ္ဘာ့ဝိပဿနာ စေတီ ရွှေသင်္ကန်းကပ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ကမ္ဘာ့ဝိပဿနာတရားပြ ဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဂိုအင်ကာ၏ ဦးဆောင်မှုဖြင့် အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ထားလျက်ရှိသော ကမ္ဘာ့ဝိပဿနာစေတီတော်ကြီး၏ ငှက်ပျောဖူးတွင် တစ်ပေပတ်လည် ရွှေချပ်များ ကပ်လှူပူဇော်မည်ဖြစ်ရာ သုံးကျပ်သား(သို့) ခြောက်ကျပ်သား ရွှေသင်္ကန်းတော်များကို လှူဒါန်းလိုသော အလှူရှင်များသည် ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း အမှတ် (၇၇)နှင့် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဇောတိဝိပဿနာ ရိပ်သာသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကျုံမငေးမြို့ စက်ရုံဓမ္မရိပ်သာဆရာတော်အား သိက္ခာထပ်ပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ကျုံမငေးမြို့ စက်ရုံဓမ္မရိပ်သာကြီး၏ ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမနအား တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့က ၁၃၆၉ ခုနှစ် တပို့တွဲလပြည့် (ဖေဖော်ဝါရီ ၂၁ ရက်) တွင် အကြိမ် (၅၀၀)ပြည့် စုပေါင်း သိက္ခာတော်ထပ် ပူဇော်ကြမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုကြသော အလှူရှင်များသည် ကျုံမငေးမြို့ စက်ရုံဓမ္မရိပ်သာ အကျိုးဆောင်အဖွဲ့ ဖုန်း- ၀၄၂-၆၅၀၅၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သုံးထပ်ကျောင်းဆောင်ဆောက်လုပ်ရန် ငွေလှူ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(ဂ)ရပ်ကွက် သံသုမာလမ်းရှိ သုဝဏ္ဏသိင်္ဂီ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် အသစ်ဆောက်လုပ်မည့် သုံးထပ်ကျောင်းဆောင်အတွက်အလှူငွေများလှူဒါန်းလျက်ရှိရာ မိုးကုတ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးလှရွှေ-ဒေါ်လှလှမိသားစု(ဗဟန်း)က အလှူငွေကျပ်သိန်း၅၀၊ သုဝဏ္ဏမှ အလှူရှင်များ ဖြစ်ကြသည့် ဒေါ်လှလှ၊ ဒေါ်ရင်ရင်၊ ဒေါ်ညွန့်ညွန့်၊ ဒေါက်တာဝင်းဝင်းသန်းမိသားစုက ငွေကျပ် နှစ်သိန်း၊ ကိုခင်မောင်ထွန်း- မစောမဉ္ဇူသောင်းမိသားစုက ငွေကျပ် ၁၄၀၀၀၀၊ ဒေါ်ခင်စိန်၊ ဦးကြည်အေး-ဒေါ်စောရီ၊ ဆရာမဒေါ်ခင်ဆွေ၊ တူ၊ တူမများ၊ ဒေါ်မေမေသန်း၊ ဒေါ်တင်တင်ရီ၊ ဒေါ်စန်းစန်း၊ ဦးဝင်းမောင်-ဒေါ်သန်းသန်း၊ ဦးကျော်မြင့်-ဒေါ်သန်းသန်းရွှေ၊ ဦးထွန်းကြည်-ဒေါ်သင်းသင်းကြည်၊ ဦးညွန့်ဖေ-ဒေါ်ဝင်းမေ၊ ဦးမြင့်ဆွေ-ဒေါ်စန်းစန်း၊ ဦးဘသန်း-ဒေါ်နှင်းလွင်၊ဒေါ်တင်တင်ဦး၊ ဦးကျော်ညွန့်-ဒေါ်ခင်ချိုလွင် မိသားစုတို့က အလှူငွေ ကျပ်တစ်သိန်းစီ လာရောက်လှူဒါန်းကြသည်။ အလှူရှင်များ လှူဒါန်းလိုပါက ဖုန်း-၀၉ ၅၀၅၁၅၈၅၊ ၅၇၂၃၉၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဒေါ်မူမူကျော်အား ရည်စူး၍ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက် နဝဒေးလမ်းနေ ဦးမောင်မောင်မျိုးညွန့် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ ပထမအကြိမ် မန္တလေးမြို့တော်ဝန်ဖလား အမျိုးသမီး(အလွတ်တန်း) ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကြည့်ရှုအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ပထမအကြိမ် မန္တလေးမြို့တော်ဝန်ဖလား အမျိုးသမီး(အလွတ်တန်း) ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် ညနေ ၃ နာရီတွင် မန္တလေး အောင်မြေသာစံမြို့နယ် ရွှေမန်းတောင် အားကစားပြိုင်ကွင်း၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ တက်ရောက်ကြည့်ရှုအားပေးသည်။ (အပေါ်ပုံ)

ပထမအကြိမ် မန္တလေးမြို့တော်ဝန် ဖလားအမျိုးသမီး(အလွတ်တန်း)ဖူဆယ် ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၁၇ ရက်မှ ၂၅ ရက်အထိ မန္တလေးအောင်မြေသာစံ မြို့နယ် ရွှေမန်းတောင် အားကစားပြိုင် ကွင်း၌ ပြိုင်ပွဲဝင် အားကစားအသင်း ၁၀ သင်းမှ အုပ်စုသုံးစုခွဲ၍ ယှဉ်ပြိုင်ခဲ့ ကြကြောင်း သတင်းရရှိသည်။

ရှေးဦးစွာ မန္တလေးအားကစားနှင့် ကာယပညာသိပ္ပံ(က) အသင်းနှင့် (ခ) အသင်းတို့ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစား ကြရာ မန္တလေးအားကစားနှင့် ကာယ ပညာသိပ္ပံ(က)အသင်းက ခုနစ်ဂိုး–နှစ် ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။ ထို့နောက် မြန်မာနိုင်ငံ ဖူဆယ်ဘောလုံး အဖွဲ့ချုပ်မှ မန္တလေးမြို့တော် စည်ပင် သာယာရေးကော်မတီသို့ လှူဒါန်းသည့် ဖူဆယ်ဘောလုံးများကို အတွင်းရေးမှူး ဦးဘန်နီတင်အောင်က မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးမောင်ပုထံ ပေးအပ် သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ပြိုင်ပွဲကြီးကြပ်ဒိုင်လူကြီး များကိုလည်းကောင်း၊ အကောင်းဆုံး ဘောလုံးသမားဆု ရရှိသည့် အားကစား နှင့် ကာယပညာသိပ္ပံ(က)အသင်းမှ ကျောနံပါတ်(၆)ရီရီဦးအား ငွေသားဆု ကျပ် ၃၀၀၀၀ ကို လည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဂိုး သမားဆုရရှိသည့် အားကစားနှင့် ကာယပညာသိပ္ပံ (က) အသင်းမှ ကျော နံပါတ်(၁) မမြဖူးငုံအား ငွေသားဆု ကျပ်၃၀၀၀၀ ကိုလည်းကောင်း၊ တတိယ ရရှိသော မန္တလေးမြို့တော်စည်ပင်(က) အသင်း၊ ဒုတိယရရှိသော အားကစားနှင့် ကာယပညာသိပ္ပံ(ခ) အသင်းနှင့် ပထမ ရရှိသော အားကစားနှင့် ကာယပညာ သိပ္ပံ(က)အသင်းတို့မှ အားကစားသမား များအား တစ်ဦးချင်း ဆုတံဆိပ်များ ကိုလည်းကောင်း၊ တတိယရရှိ သော မန္တလေးမြို့တော်စည်ပင်(က) အသင်းအား ငွေသားဆုကျပ် သုံးသိန်း၊ ဒုတိယရရှိသော မန္တလေး အားကစား နှင့် ကာယပညာသိပ္ပံ(ခ) အသင်းအား ငွေသားဆု ကျပ်လေးသိန်းနှင့် ပထမ ရရှိသော မန္တလေးအားကစားနှင့် ကာယ ပညာသိပ္ပံ(က) အသင်းအား ငွေသားဆု ကျပ် ငါးသိန်းနှင့် တံခွန်စိုက်ဆုဖလား ကို လည်းကောင်း တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

(သတင်းစဉ်)

၂၀၀၈ ခုနှစ် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကာယဗလမောင် နှင့် ကာယအလှမယ်ပြိုင်ပွဲတွင် ကာယအလှမယ် ၅ ပေ ၃လက်မ အောက် အငယ်တန်းပြိုင်ပွဲ၌ ဒုတိယ ဆုရရှိသော မရတနာဖြူ(ပုဇွန် တောင်)အား ဆုယူအပြီး တွေ့ရ စဉ်။ (သတင်း–ဖော်ပြပြီး)

(ကြေးမုံ)

ဇီဝသဘာဝမြေသြဇာအကြောင်း ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ဓာတုကင်းစင် ပြည်တစ်ခွင် ဒို့မြေကောင်းဖို့ သုံးကြစို့ ဆောင်ပုဒ်ဖြင့် သဇင်နိုင်ထရေးဒင်းကုမ္ပဏီလီမိတက်မှ တင်သွင်းဖြန့်ချိသည့် ထိုင်းနိုင်ငံ Petchnumfah Co., Ltd မှထုတ်လုပ်သည့် Super J.K.A4 စိန်နှစ်ပွင့် Crown, Petchkue တံဆိပ် ဇီဝမြေသြဇာအကြောင်း ရှင်းလင်းပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကျောက်တံတား မြို့နယ် ဗိုလ်အောင်ကျော်လမ်း အိုလံပစ်တာဝါ Level(13) အခန်းအမှတ်(၁၃၀၁)ရှိ သဇင်နိုင်ထရေးဒင်း ကုမ္ပဏီ လီမိတက်ရုံးခန်း၌ ကျင်းပရာ စိုက်ပျိုးရေးအခြေခံ ကုန်ထုတ်လုပ်သူများ၊ စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူ လယ်သမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဇင်နိုင်ထရေးဒင်း ကုမ္ပဏီဥက္ကဋ္ဌ ဦးသန့်ဇင်က ဇီဝသဘာဝ မြေသြဇာအကြောင်း ရှင်းလင်းပွဲ ပြုလုပ် ရခြင်းကို ပြောကြားသည်။ ထို့နောက် မန်နေဂျင်းဒါရိုက်တာ ဒေါ်မို့မို့ဝင်း **(ယာပုံ)**က ထိုင်းနိုင်ငံ Petchnumfah Co., Ltdမှ ထုတ်လုပ်သည့် Super J.K.A4 စိန်နှစ်ပွင့် Crown, Petch-kue တံဆိပ် ဇီဝမြေသြဇာသုံးစွဲခြင်း ကြောင့် မြေဆီလွှာများ ခန်းခြောက်ခြင်း၊ ပပ်ကြားအက်ခြင်းမှ ကင်းဝေးခြင်း၊ မြေသားအတွင်းရှိ အဏုဇီဝပိုးများ ရှင်သန်ခြင်းကြောင့် မြေသားမွခြင်း၊ အမြစ်များ ကြီးထွားသန်မာစေခြင်း ကြောင့် အာဟာရများ ပိုမိုစုပ်ယူပြီး အပင်ကြီးထွားနှုန်း လျင်မြန်ခြင်း၊ အပင် များ၌ ရောဂါပိုးမွှားများ မကျရောက်နိုင် ခြင်း၊ သဘာဝသတ္တုဓာတ်များဖြင့် ထုတ်လုပ်ထားသဖြင့် အပင်အားလုံး အတွက် အသုံးဝင်ခြင်း၊ အသီးအနှံများ ၏ အရောင်အဆင်း အနံ့အရသာမှာ သဘာဝအတိုင်း ဖြစ်ပေါ်ခြင်း၊ ခူးဆွတ် ပြီး အသီးအနှံ အပွင့်အရွက်များ ကြာရှည်စွာထားနိုင်ခြင်း၊ ဇီဝသဘာဝ မြေသြဇာတစ်ခုတည်းကိုသာ သုံးစွဲခြင်း ကြောင့် သဘာဝအလျောက် ကျရောက် သည့် မြေအောင်းရောဂါပိုးများကို ကာကွယ်သဖြင့် ကုန်ကျစရိတ်သက်သာ ခြင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုကို ကာကွယ်နိုင်ခြင်းကြောင့် လူနှင့် တိရစ္ဆာန်တို့၏ ကျန်းမာရေးကို ထိခိုက် မှုမရှိခြင်း၊ မြေဆီလွှာ ပြန်လည် ကောင်းမွန်၍ ရေရှည်အသုံးပြုပါက ကုန်ကျစရိတ်သက်သာသဖြင့် အမြတ် အစွန်း တိုးပွားပြီး နှစ်စဉ် စီးပွားရေး တွက်ခြေကိုက်ခြင်းတို့ကို ရှင်းလင်း ပြောကြားသည်။

ဆက်သွယ်ဝယ်ယူနိုင်

ထိုင်းနိုင်ငံ Petchnumfah Co., Ltd မှ ထုတ်လုပ်သည့် Super J.K. A4 စိန်နှစ်ပွင့် Crown, Petchkue တံဆိပ်မြေသြဇာများကို ကျောက်တံတား မြို့နယ် ဗိုလ်အောင်ကျော်လမ်း အိုလံပစ် တာဝါ Level(13) အခန်း (၁၃၀၁)ရှိ သဇင်နိုင်ထရေးဒင်း ကုမ္ပဏီလီမိတက် ဖုန်း–၂၅၆၁၀၉၊ ၃၉၂၅၃၄၊ ၂၄၅၆၀၈၊ Fax–၃၉၂၅၃၄ သို့ ဆက်သွယ်ဝယ်ယူ နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းကြီး တည်ဆောက် ရန်အတွက် အင်းစိန်မြို့နယ် ကမ်းနားအနောက် ရွှေဥဒေါင်းလမ်းနေ ကွယ်လွန်သူ(ဦးခင်သန်း)အား ရည်စူး၍ ဒေါ်ညွန့်ရီ(သုခဝတီဆန်စက်) သား၊ သမီး၊ မြေးမြစ်သားစုက ငွေကျပ် ၁၁၀၀၀၀ လှူဒါန်းရာ ဂေါပက အဖွဲ့ဝင် ဦးအေးမြင့်နှင့် ဦးဟံညွန့်တို့ လက်ခံယူစဉ်။ (ကြေးမုံ)

နိုင်ငံတော် သြဝါဒါစရိယ စကားတောင်ကျောင်း ပဓာနနာယကဆရာတော် ပျံလွန်တော်မူ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

နိုင်ငံတော် သြဝါဒါစရိယ ဝေဠုဝန်ဂိုဏ်းကြီး၏ သြဝါဒါစရိယ ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပြည်မြို့ ရွာဘဲနယ်မြေ စကားတောင်ရပ်ကွက် နဝဒေးလမ်း စကားတောင်ကျောင်းတိုက် ပဓာနနာယကဆရာတော် သက်တော် (၉၈)နှစ်၊ သိက္ခာတော်(၇၈)ဝါရှိ အဘိဇေအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိလာသာစာရ မဟာထေရ်သည် (၁၃၆၉ခုနှစ် တပို့တွဲလဆန်း ၄ ရက်) ဖေဖော် ဝါရီ ၁၀ ရက် (တနင်္ဂနွေနေ့)ည ၇နာရီခွဲတွင် ပြည်မြို့ စကားတောင်ကျောင်းတိုက် ၌ ဘဝနတ်ထံ ပျံလွန်တော်မူပြီး အန္တိမဈာပန အခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၂ နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း ၄၆ ရပ်ကွက် မိုးမခလမ်းနေ တက္ကသိုလ်စိန်တင်–ဒေါ်တင်စိန် (စိမ့်ပညာရေး)တို့က ဒေါ်တင်စိန်(စိမ့် ပညာရေး)၏ မွေးနေ့အထိမ်းအမှတ် နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ အေးချမ်း အောင်မြင်စေတီတော် ထီးတော်ရွှေသင်္ကန်းကပ်လှူရန်အတွက် ငွေကျပ်နှစ်သိန်း ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွဋ်နှင့် အကျိုးဆောင်အတွင်းရေးမှူး ဦးအောင်သန်းတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

(၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

အထကကျောက်တံတား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ် မြောက် အာစရိယပူဇော်ပွဲအခမ်းအနား ကို မတ် ၂ ရက်(တောင်သူလယ်သမား နေ့) နံနက် ၉ နာရီတွင် အထက ကျောက်တံတား ကျောင်းခန်းမ၌ ကျင်းပ မည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူ ဟောင်းများအနေနှင့် ကိုအောင်လင်း (၁၉၈၄) ဖုန်း–၀၁–၅၄၆၀၆၅၊ ကိုသူရိန် ထွန်း ဖုန်း–၀၉–၉၉–၂၀၅၉၄၊ ကိုညိုမင်း လွင် ဖုန်း–၀၁–၂၄၆၈၃၅၊ မပိုးပိုးအောင်၊ ကိုကြီးစိုးအောင် ဖုန်း– ၀၁–၇၂၇၈၇၂၊ ကိုဇင်မိုးအောင် ဖုန်း–၀၉–၅၀–၃၆၃၇၉၊ ကိုရဲထွဋ် ဖုန်း–၀၉–၅၁–၈၁၅၉၀၊ ကိုဂျိုးဂျိုး ဖုန်း–၀၉–၉၉–၂၂၇၇၄၊ မပွင့် ရည်ကျော် ဖုန်း–၀၉–၅၁–၈၃၅၇၃၊ ကိုဉာဏ်ထူးသာ ဖုန်း–၀၁–၃၈၆၄၃၆၊ ကိုနေလင်းဦး ဖုန်း–၀၉–၅၁ ၇၉၀၆၀ တို့ ဆက်သွယ်လှူဒါန်းကြပါရန် နှိုးဆော်ထားသည်။ (က–ပ)

တောင်ဥက္ကလာပမြို့နယ် အမက(၂၈) ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မောင်ကောင်းဆက်သွင်အား ကျောင်းအုပ်ဆရာကြီး ဦးသောင်း ရွှေ ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

တိုင်းရင်းသား တိုင်းရင်းသူရိုးရာယဉ်ကျေးမှု အဖွဲ့များ၏ သီဆိုကပြဖျော်ဖြေပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် ပြည်နယ်နှင့်တိုင်းတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်တိုင်းရင်းသား တိုင်းရင်းသူ ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေပွဲကို ယမန်နေ့ ည ၇နာရီခွဲတွင် နေပြည်တော် မြို့တော်ခန်းမဝင်း အတွင်းရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပရာ ရှေးဦးစွာ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "အ-အက္ခရာ အောင်ပါစေ"သရုပ်ဖော်အက၊ ကချင်ပြည်နယ်ရိုးရာ ယဉ်ကျေးမှု အဖွဲ့က "တွဲလက်ရယ်ညီ" သရုပ်ဖော်အက၊ ကယားပြည်နယ် ရိုးရာယဉ်ကျေးမှုအဖွဲ့က "ပြည်ထောင်စုမှဆုပန်ခြွေ" သရုပ်ဖော်အက၊ ကရင်ပြည်နယ်ရိုးရာ ယဉ်ကျေးမှုအဖွဲ့က "ပင်လုံသက်သေချစ်သောမြေ" သီချင်းအက၊ ချင်းပြည်နယ် ရိုးရာယဉ်ကျေးမှုအဖွဲ့က "ခွာဒိပွဲတော်" အက၊ မွန်ပြည်နယ်ရိုးရာ ယဉ်ကျေးမှုအဖွဲ့က "ရမ္မာဝတီယိမ်းအက"၊ ရခိုင်ပြည်နယ်ရိုးရာယဉ်ကျေးမှု အဖွဲ့က"လက်တွဲမြဲရင့်ဂုဏ်မာန်ဝင့်" သရုပ်ဖော်အက၊ ရှမ်းပြည်နယ် ရိုးရာယဉ်ကျေးမှုအဖွဲ့က "ဆောင်ဟန်လီမိုင်း ကမ္ဘောဇ" "ဒို့များရဲ့အခါရိုးရာ" နှင့် "ကရဗြတအန်း" သရုပ်ဖော်အက၊ တနင်္သာရီတိုင်း ရိုးရာယဉ်ကျေးမှု အဖွဲ့က "ပြည်ထောင်စုပွဲတို့ဆင်နွှဲ" သရုပ်ဖော်အကနှင့် အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မင်္ဂလာပါ တေးသရုပ်ဖော်အကတို့ဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

အဆိုပါ ဖျော်ဖြေတင်ဆက်မှုကို ဖေဖော်ဝါရီ ၁၄ရက်ညတွင် ဆက်လက်ဖျော်ဖြေခဲ့သည်။ (သတင်းစဉ်)

ပန်းတနော်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမဆောင်၌အမျိုးသမီးရေးရာအဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ရက်က ကျင်းပရာ မအူပင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ကိုယ်စား ခရိုင်ရဲတပ်ဖွဲ့မှူး၏ဇနီး ဒေါ်မိမိခိုင်ထံ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်မေရီက အဆိုပြုလွှာများ ပေးအပ်စဉ်။ (က-ပ)

လောကမာန်အောင်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ကြည့်မြင်တိုင်မြို့နယ် သာစုအနောက်ရပ်ကွက် ကမ်းနားလမ်းမရှိ ပထမလက်ခုပ်ကျောင်းဝင်းအတွင်း၌ တည်ထားကိုးကွယ်လျက်ရှိသော လောကမာန်အောင်စေတီတော်မြတ်ကြီး**(အပေါ်ပုံ)**၏ (၂၁)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၁၄ရက်မှ ၁၆ရက်အထိ မဟာပဋ္ဌာန်းမြတ်ပူဇော်ခြင်း၊ ၁၆ရက်ညမှ ၁၉ရက်အထိ ညစဉ်တရားပွဲများကျင်းပခြင်း၊ ၂၀ရက်တွင် စတုဒိသာအာဟာရများ ကျွေးမွေးလှူဒါန်းပြီး ၂၁ရက်(တပို့တွဲလပြည့်) နံနက်ပိုင်းတွင် စေတီတော် ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဆွမ်းတော်ကြီးပွဲများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ (၅၄၆)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် ပြည်နယ်နှင့်တိုင်းတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ် တိုင်းရင်းသား၊ တိုင်းရင်းသူရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေပွဲကို နေပြည်တော် မြို့တော်ခန်းမဝင်းအတွင်းရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပစဉ်။

(သတင်းစဉ်)

(၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ကိုဂုဏ်ပြု ကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ဓာတ်အားလိုင်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တောင်ပိုင်း ခရိုင် ကော့မှူးမြို့နယ်ရှိ အဖျောက်၊ ဇီးကုန်း၊ပိန္နဲကုန်း၊ ဆင်ခြံ၊ ဇရပ်ကုန်း ကျေးရွာများနှင့် တွံတေးမြို့နယ် ဘုရားကြီးကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလိုင်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် ညနေ ၅နာရီက အဖျောက်ကျေးရွာ အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကော့မှူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်ရီ၊ မတည်အလှူရှင် ဆရာမကြီးဒေါက်တာဒေါ်ခင်ခင်ရီကိုယ်စား ရှိုင်းဟုပ်ကုမ္ပဏီမှ ဒေါ်သိန်းသိန်းရင်၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ကော့မှူးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်နိုင်တို့က အမှာစကားပြောကြားကြပြီး ကျေးရွာများ လျှပ်စစ်မီးလင်းရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဦးမျိုးမြင့်က လုပ်ငန်းဆောင်ရွက်ပြီးမြောက်မှုများ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျေးရွာများ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးအတွက် ပါဝင်လှူဒါန်းကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

အဆိုပါ ကျေးရွာခြောက်ရွာ လျှပ်စစ်မီးလိုင်းကို ရန်ကုန်မြို့ရွှေရည်ဖြိုးဂရု(ပ်)ကုမ္ပဏီလီမိတက်နှင့်ကောင်းဝင့်စံကုမ္ပဏီလီမိတက်တို့က တာဝန်ယူ တည်ဆောက်ထားသည်ဟု သိရသည်။ (ကြေးမုံ)

ကော့မှူးမြို့နယ် ကျေးရွာများ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလိုင်းဖွင့်ပွဲအခမ်းအနားတွင် ကော့မှူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်ရီ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။(ကြေးမုံ)

ကျိုက်သလ္လံစေတီတော်မြတ်ကြီး ပြုပြင်တည်ဆောက်ရေး လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မော်လမြိုင်မြို့ ကျိုက်သလ္လံစေတီတော်မြတ်ကြီး ပရဝဏ်အတွင်း ဘက်စုံပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် လှူဒါန်းလိုသူများသည် ဘက်စုံတည်ဆောက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင် ဖုန်း-၀၅၇-၂၄၈၇၇၊ ဘုရားဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၅၇-၂၃၀၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆိုင်ရာဟောပြော

ပဲခူး ဖေဖော်ဝါရီ ၁၂

ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် (၆၁)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆိုင်ရာ ဟောပြောပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၁ရက် နံနက် ၈နာရီက ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်း သီရိဟံသာခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်က အမျိုးသမီးများဘဝမြှင့်တင်ရေး ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအကြောင်း ဟောပြောသည်။

ထို့နောက် ပဲခူးမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် စာပေဗိမာန်ဆုနှင့် ပခုက္ကူ ဦးအုံးဖေ စာပေပြိုင်ပွဲဆုရစာရေးဆရာမ နန္ဒာခင်(သက္ကမြေ)**(အောက်ပုံ)**က ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးခေါင်းစဉ်ဖြင့် ဟောပြောပြီး ကျပန်းစကားပြောပွဲကို ဆက်လက်ကျင်းပကာ ဆုများအသီးသီးချီးမြှင့်သည်။ (၄၀၃)

ပဲခူးတိုင်း မုန်းမြို့နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့်မိုင်းနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများသေကျေ၊ ဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀ နာရီတွင် မုန်းမြို့နယ် မီးတိုင်တောကျေးရွာအုပ်စု ကော့ပြင်းကျေးရွာနေ အဘ ဦးအောင်ဆန်း၏ သား မောင်အောင်ထူး အသက်(၂၅)နှစ်သည် အင်ဖက်ကောက်ရန် တောတွင်းသို့ သွားရောက်စဉ် တောတွင်းတစ်နေရာ၌ သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲပြီး မောင်အောင်ထူး၏ ဘယ်ဘက်ခြေထောက်နှင့် ဘယ်ဘက်လက်တို့တွင် မိုင်းစများထိမှန် ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ မိုင်းထိဒဏ်ရာရရှိခဲ့သည့် မောင်အောင်ထူးအား တာဝန်ရှိသူများက မုန်းပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူ အဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

"ရေယာဉ်လေလံကြော်ငြာချက်"

၁။ ဖမ်းဆီးရမိရေယာဉ်များကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ စစ်ထောက်ချုပ်ရုံးမှ ဖမ်းဆီးရမိရေယာဉ်(၂၁)စီးနှင့်အင်ဂျင်(၁)စုံအား လေလံတင်ရောင်းချပွဲများကို အောက်ဖော်ပြပါမြို့/ရက်များအတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

စဉ်	ရေယာဉ်အမည်/ အမျိုးအစား	အတိုင်းအတာ (ပေ)	အင်ဂျင် မြင်းကောင်ရေ
မြိတ် (၂၅. ၂. ၂၀၀၈)			
၁။	KM FAMILI(အင်ဒိုင်းဖမ်းလှေ)	၄၉×၈×၆	မစ်ဆူဘီရှိ(၆)လုံးထိုး၊ မြင်း၁၂၀
၂။	အောင်ဒေါ်လာ (မီးသွေးလှေ)	၇၈. ၇×၁၉. ၄×၇. ၄	ဟီးနိုးအီးဗီ-၁၀၀(မြန်)လုံးထိုးမြင်း-၁၈၀
၃။	မေဝင်းဆန်း (မှော်ခိုလှေ)	၆၆. ၁၁×၁၄. ၄×၆. ၁၀	ဟီးနိုးအီးကေ-၁၀၀(၆)လုံးထိုးမြင်း-၁၈၀
၄။	အောင်ထွန်းနိုင် (မှော်ခိုလှေ)	၅၂. ၈×၁၄. ၅×၅.	နစ်ဆန်း(၆)လုံးထိုးမြင်း-၁၈၀
၅။	ယိုးဒယားဝါးလတ်လှေ	၆၉. ၂×၂၀. ၁×၉. ၄	ကမ်းမင်း(၆)လုံးထိုး မြင်း-၃၅၀
၆။	သစ်ခိုးလှေ	၆၆. ၁၁×၁၃. ၃×၆. ၃	နစ်ဆန်း(၆)လုံးထိုး မြင်း-၁၈၅
၇။	သစ်ခိုးလှေ	၆၀×၁၃. ၂×၅. ၆	ဟီးနိုး(၆)လုံးထိုးမြင်း-၂၈၀
၈။	သစ်ခိုးလှေ	၇၂×၁၆×၈	ဟီးနိုးအီးကေ-၁၀၀(၆)လုံးထိုးမြင်း-၂၈၀
ပုသိမ် (၂၅. ၂. ၂၀၀၈)			
၁။	ဇေယျာလင်း (သစ်မှော်ခိုလှေ)	၃၈. ၆×၁၀. ၅×၂. ၆	ဝူလင်း၊ မြင်း-၂၁
၂။		(ကိုယ်ထည်မပါ)	တိုယိုတာမြင်း-၁၆. ၅(ဂီယာဘောက်ပါ)
စစ်တွေ (၂၅. ၂. ၂၀၀၈)			
၁။	ဆားမှော်ခိုလှေ	၃၆×၃×၉	(အင်ဂျင်မပါ)
၂။	သီတာအောင် (မှော်ခိုလှေ)	၆၅. ၁၉×၈	အီးကေ-၁၀၀၊ မြင်း-၂၈၀
မုံရွာ (၂၅. ၂. ၂၀၀၈)			
၁။	သစ်မှော်ခိုလှေ	၄၆. ၁၀×၄. ၈×၃	ကျင်ဒေါင်း၊ မြင်း-၂၅
၂။	သစ်မှော်ခိုလှေ	၅၀×၅×၃	ရင်ဂျင်၊ မြင်း-၂၂
၃။	သစ်မှော်ခိုလှေ	၄၀×၄. ၉×၂. ၆	ဝီလင်း၊ မြင်း-၂၂
၄။	သစ်မှော်ခိုလှေ	၄၆. ၅×၂. ၄	ချင်ချင်း၊ မြင်း-၂၂
ကျောက်ဖြူ (၂၇. ၂. ၂၀၀၈)			
၁။	သစ်မှော်ခိုလှေ	၆၅×၁၇×၄	ဟီးနိုးအီးဗီ-၁၀၀၊ မြင်း-၁၅၀
၂။	မှော်ခိုလှေ	၃၅×၅×၅	ကျင်ဒေါင်း၊ မြင်း-၅/၆
ကော့သောင်း(၂၇. ၂. ၂၀၀၈)			
၁။	အောင်နိုင်ဝင်း (ငါးခိုးလှေ)	၄၇×၉×၃. ၁၀	မစ်ဆူဘီရှိ (၄)လုံးထိုး၊ မြင်း-၈၅
၂။	အောင်ရွှေသိန်း (ငါးခိုးလှေ)	၄၃×၁၀×၃. ၅	မစ်ဆူဘီရှိ (၄)လုံးထိုး၊ မြင်း-၈၅
			တရုတ်နီ ခွင်းစက်တွဲလျက်
၃။	ရွှေငါး (ငါးမှော်ခိုလှေ)	၄၃. ၉×၇. ၅×၃. ၂	တရုတ်၊ မြင်း-၈/၁၀
၄။	ရွှေလှဝင်း (ငါးခိုးလှေ)	၄၈×၁၃×၅	နစ်ဆန်း(၆)လုံးထိုး၊ မြင်း-၁၈၅

၂။ လေလံတင်ရောင်းချခြင်းအား အသေးစိတ်သိလိုပါက ဖမ်းဆီးရမိရေယာဉ်များကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ စစ်ထောက်ချုပ်ရုံးနှင့်သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များသို့ စုံစမ်းနိုင်ပါသည်။

ဖမ်းဆီးရမိရေယာဉ်များကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊
စစ်ထောက်ချုပ်ရုံး

စစ်ထောက်ချုပ်ရုံး	-	ဖုန်း၀၁၆-၃၁၀၉၅၊ ၀၁၆-၃၁၁၁၈
မြိတ်ဒေသ	-	ဖုန်း၀၅၉-၄၁၈၀၃၊ ၀၃၁-၄၀၀၆၉
ပုသိမ်ဒေသ	-	ဖုန်း၀၃၁-၂၁၀၆၇၊ ၀၃၁-၂၁၀၆၉
စစ်တွေဒေသ	-	ဖုန်း၀၄၃-၂၃၈၃၃၊ ၀၄၃-၂၃၉၉၅
မုံရွာ	-	ဖုန်း၀၇၁-၃၂၃၄၃၊ ၀၇၁-၃၂၃၃၇
ကျောက်ဖြူဒေသ	-	ဖုန်း၀၄၂-၃၃၀၂၁၊ ၀၄၂-၃၃၀၂၅၊ ၀၄၃-၄၆၄၇၁
ကော့သောင်းဒေသ	-	ဖုန်း၀၅၉-၅၁၆၆၁။

အမှတ်စဉ် (၁)သင်တန်း မမီလိုက်သူ ဝါသနာရှင်များအတွက်
အမှတ်စဉ် (၂) သုံးလသင်တန်း(သရုပ်ဆောင်၊ ဇာတ်ညွှန်းနှင့်ဒါရိုက်တာ)
၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် စတင်ဖွင့်ပါမည်။
တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေနေသူများအတွက် အထူးအစီအစဉ်အဖြစ်
မတ်လ ၁၉ရက်တွင် ဖွင့်ပါမည်။
ဆက်သွယ်ရန်– အမှတ်(၂)၊ မိုးကောင်းလမ်းမကြီး၊ စံကားဝါအိမ်ရာ၊ စံကားဝါခန်းမ၊ ရန်ကင်းမြို့နယ်၊
ဖုန်း–၀၉–၉၉–၇၄၂၇၉၊ ၀၁–၅၇၃၅၉၂။

အမည်မှန်

ကျွန်တော် ရာဂျာ P/P No. 514420 တွင် RAJA ဟု ပါရှိပါသည်။ အမှန်မှာ RA JA စာနှစ်လုံး ဖြစ်ပါသည်။

RA JA

အမည်ပြောင်းခြင်း

ဦးကိုကိုနိုင်[၁၂/အစန(နိုင်) ၁၅၀၂၃၁]၏ သမီး ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ဆဋ္ဌမတန်း(ဈ)မှ မဇွဲနန္ဒာမောင်အား ယနေ့မှစ၍ မစောဆုရှင်ဟု ပြောင်းလဲခေါ်ပါရန်။

မစောဆုရှင်

ရှောင်လေဝေးဝေး မူးယစ်ဆေး

ဖေဖော်ဝါရီ ၁၂ ရက်က ရန်ကုန် အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ကျောက်မြောင်းကြီး စံပြရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒု–ရဲမှူးဉာဏ်ဝင်း၏ ကြီးကြပ်မှုဖြင့် တာမွေရဲတပ်ဖွဲ့စခန်းမှ ဒု–ရဲအုပ်ရန်မင်းလွင် မူခင်းကျဆင်းရေး ပညာပေးဟောပြောစဉ်။

(က–ပ)

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၆၇)နေ ဦးခင်မောင်(E.P.C ငြိမ်း)–ဒေါ်ခင်ရီတို့၏ သား

မောင်လှမိုး(ခ)မော်ထွေး

နှင့်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊ အမှတ်(၇၂)နေ ဦးမြင့်သိန်း–ဒေါ်နွယ်နွယ်တို့၏သမီး

မနှင်းချယ်ရီမြင့် LL.B

တို့သည် နှစ်ဖက်မိဘများ၏ သဘောတူညီချက်အရ ၇–၂–၂၀၀၈ နေ့တွင် ရန်ကုန်တိုင်း တွဲဖက်တိုင်းတရားသူကြီး ဒေါ်ခင်ဆွေရီ၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးလက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်လှမိုး–မနှင်းချယ်ရီမြင့်

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဧရာဝတီတိုင်း၊ ပုသိမ်အနောက်မြို့နယ်၊ အမှတ်(၄)၊ သစ္စာလမ်း၊ ပုသိမ်မြို့နေ ဦးမြင့်ရွှေ–ဒေါ်စန်းစန်းဝင်း (ဆည်းဆာစားသောက်ဆိုင်၊ငွေဆောင်ကမ်းခြေ)တို့၏သား

မောင်ဝေပိုင်ကို B.E(Mechanical)
(Thian Sung Construction Pte., Ltd,)
Singapore

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြကန်သာအိမ်ရာ၊ တိုက်(၅)၊ အခန်း(၄)နေ ဦးအောင်သန်း(ပြည်နယ်စတိုမှူး–ငြိမ်း၊စက်မှုလယ်ယာ၊ရှမ်းပြည်နယ်)–ဒေါ်ခင်ကျွေတို့၏ သမီးထွေး

မအိအိအောင် B.A(Psychology)
Diploma In Global English
University Of Yangon
LCCI Level III, UK ခေတ္တ–စင်ကာပူ

တို့သည် ၈–၂–၂၀၀၈ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဝေပိုင်ကို–မအိအိအောင်

ယာယီဆိုင်းဘုတ်နှင့် ကြော်ငြာဆိုင်းဘုတ်ကြီး (Bill Board) စိုက်ထူထားရှိပြီးသည့် နေရာများ လေလံတင်အငှားချထားမည်

၁။ ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်း၌ စိုက်ထူထားရှိပြီးသည့် ယာယီကြော်ငြာဆိုင်းဘုတ်များ၊ ကြော်ငြာဆိုင်းဘုတ်ကြီး (Bill Board) များအား ၂၂–၂–၂၀၀၈ (သောကြာနေ့) (၀၉း၃၀)နာရီတွင် မြို့တော်ခန်းမ၌ ဈေးပြိုင်စနစ်ဖြင့် လေလံတင်အငှားချထားမည် ဖြစ်ပါသည်။

၂။ လေလံစည်းကမ်းချက်နှင့် လျှောက်လွှာပုံစံအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမအနီး ဆယ်ထပ်ရုံးရှိ အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ ရုံးချိန်အတွင်း ဝယ်ယူလျှောက်ထားနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာဌာန (အဆောက်အအုံ) (ဖုန်း–၀၁–၂၄၉၅၂၅၊၀၁–၃၇၄၀၁၁)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမည်ပြောင်းခြင်း

အမှတ်(ဈ/၄၇)၊ဈေးတန်းရပ်၊ မိုင်းဖြတ်မြို့နေ အဘ ဦးထွန်းရွှေ၏ သမီးဖြစ်သူ မနန်းစောစန္ဒာထွန်း[၁၃/မဖန(နိုင်)၀၀၀၀၁၉]အား ယနေ့မှစ၍ မနန်းစောမြတ်သွယ်ဟု ပြောင်းလဲခေါ်ပါရန်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးတင်လှ CDC-9440 ၏ Alotment Arder Card သည် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပေးပို့ပါရန်။

ဖုန်း-C/o-228528

အမက(၁၅) ကမာရွတ် ၂၀၀၆–၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အသင်းအစည်းအဝေးတွင် သူငယ်တန်းမှ ပထမဆုရ မဝင်းလက်ကျော်အား ကျောင်းအုပ်ဆရာကြီး ဦးစိန်လှိုင် ဆုပေးအပ်ချီးမြှင့်စဉ်။

(ပညာရေး)

လက်ထပ်မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကုန်းမြင့်ရိပ်သာ၊ (၇)မိုင်၊ ဇာတိမာန်လမ်း၊ အမှတ်(၁၈/၄၆)နေ ဦးသန်းစော–ဒေါ်နုနုတို့၏သားထွေး

မောင်စောဖြိုးနန္ဒာဆွေ B.Sc(Physics)
Super Market Manager (T.S.T 4 Mile Ltd)
Papua New Guinea

နှင့်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဈ–ရပ်ကွက်၊ စက္ကဝတ်(၂)လမ်း၊ အမှတ်(ဈ/၂၇၀)နေ ဦးမောင်မောင်အောင်–ဒေါ်ညွှန့်ရီတို့၏ သမီးငယ်

မစန္ဒာအောင် B.Sc(Physics)

တို့၏ ၉–၂–၂၀၀၈ တွင် IBCခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ဦးလင်းမြင့်နိုင်နှင့် ဇနီး ဒေါ်ခင်ဖုန်းမို ၊ မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးသော ဦးမိုးကျော်အောင်နှင့် ဇနီး ဒေါ်ရီရီဝင်းအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော ဟေမာနေဝင်း၊ စန္ဒရား ဒေါက်တာသိန်းမြင့်သန်း တေးဂီတအဖွဲ့နှင့် တေးသံရှင်များ ၊ မင်္ဂလာပန်းကြဲပေးသော မဖြူဖြူမွန်ရည်စော၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မမေသက်မမဆွေနှင့် မစောဣန္ဒာဆွေ တို့အားလည်းကောင်း၊ သတို့သားအရံ မောင်ဇော်ဝေယံထူးနှင့် မောင်အိမ့်မှူးမင်းခန့်၊ သတို့သမီးအရံ မဇွန်ဆုနန္ဒာနိုင်နှင့် မခြူးလဲ့သွယ်တို့အားလည်းကောင်း၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် Videoရိုက်ကူးပေးသော IBCအဖွဲ့၊ မင်္ဂလာဝတ်စုံနှင့်မိတ်ကပ်အလှပြင်ဆင်ပေးသော ခင်စန်းဝင်းနှင့်အဖွဲ့၊ မင်္ဂလာပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော IBCမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများ၊ ဂုဏ်သရေရှိညည့်ပရိသတ်လူကြီးမင်းများ၊ ချစ်သူငယ်ချင်းများနှင့် အခြားကျေးဇူးတင်ထိုက်သူများအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်စောဖြိုးနန္ဒာဆွေ–မစန္ဒာအောင်

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဟာဂျီ ဦးအောင်စိုးမင်း–ဟာဂျီမ ဒေါ်နုနုဝင်းတို့၏ သားကြီး

မောင်စိုးကြည်သာ

AIRFRAME AND POWERPLANT TECHNICIAN
BOEING AIR BUS, SWISS PORT AIR
WASHINGTON DULLES INTERNATIONAL AIRPORT
VIRGINIA U.S.A

နှင့်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၉၂လမ်း၊ အမှတ်–၁၀၁ 4A+Bနေ ဦးစံမြင့်–ဒေါ်ရီရီမြင့်တို့၏ သမီး

မခင်ဇာမော်
B.Sc(Physics)

တို့ကို နှစ်ဖက်သော မိဘဆွေမျိုးတို့၏ ရှေ့မှောက်၌ ၂–၂–၂၀၀၈ (စနေနေ့)တွင် Central Hotel မင်္ဂလာခန်းမတွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စိုးကြည်သာ–မခင်ဇာမော်

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်စုံညီအစည်းအဝေးဖိတ်ကြားခြင်း

(၁၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အသင်းဝင်များအား ဖိတ်ကြားအပ်ပါသည်–

ကျင်းပမည့်နေ့ – ၁၈–၂–၂၀၀၈(တနင်္လာနေ့)
ကျင်းပမည့်အချိန် – ညနေ(၅) နာရီ
ကျင်းမည့်နေရာ – အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန (IBC) ပြည်လမ်း၊ ရန်ကုန်မြို့

မှတ်ချက်။ ။ အသင်းသားများအားလုံး ဖိတ်စာပေးပို့ထားပြီး ဖြစ်ပါသည်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန် မေတ္တာရပ်ခံပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ပူဇော်ကျေးဇူးဆပ်ပွဲနှင့် ထေရီမင်္ဂလ်ကျောင်းဆောင်သစ်ရေစက်ချပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် ဆယ်မိုင် ဗိုလ်တေဇလမ်း အောင်မင်္ဂလာ ဣစ္ဆာသယ ရွာမကြီးကျောင်း၏ ဦးစီးပဓာနနာယကဆရာတော်ကြီး ဦးနာရဒ (၆)နှစ်ပြည့်အထိမ်းအမှတ် တရားနှင့် ပူဇော်ကျေးဇူးဆပ်၍ ထေရီမင်္ဂလ်ကျောင်းဆောင်သစ်ရေစက်ချပွဲကို ဖေဖော်ဝါရီ ၁၈ ရက် (တနင်္လာနေ့) နံနက် ၈နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (က–ပ)

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ပညာရေးဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက္ကသိုလ်၊ ကောလိပ်များ စစ်ဆေး နေရောင်ခြည်စွမ်းအင်သုံး ကိရိယာများ သုတေသနလုပ်ငန်းများကို ကြည့်ရှု

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ဖေဖော်ဝါရီ ၃ ရက်တွင် ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် ရန်ကုန်ပညာရေးတက္ကသိုလ်တို့သို့လည်းကောင်း၊ ဖေဖော်ဝါရီ ၄ရက်တွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ အမျိုးသား စီမံခန့်ခွဲမှု ပညာကောလိပ်နှင့် ရန်ကုန် အနောက်ပိုင်း တက္ကသိုလ်တို့သို့ လည်းကောင်း သွားရောက်၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဆွေးနွေး မှာကြားပြီး ကျောင်းသား၊ ကျောင်းသူများ၏ သင်ကြားသင်ယူမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ရန်ကုန်တိုင်းပြန်ပြည့်မြိစွမ်းအင်ကော်မတီနှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ရူပဗေဒဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော နေရောင်ခြည်စွမ်းအင်သုံး သီးနှံအခြောက်ခံကိရိယာ၊ နေရောင်ခြည်စွမ်းအင်သုံး မီးဖို၊ နေရောင်ခြည်စွမ်းအင်သုံး ရေသန့်ကိရိယာစသည့် သုတေသနလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်အဝေးသင်တက္ကသိုလ်သို့ သွားရောက်၍ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✻

ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ နေပြည်တော်တစ်ခွင် လှည့်လည်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားနှင့် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များသည် ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံးများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် နေပြည်တော် အမျိုးသား ပရဆေးဥယျာဉ်သို့ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❁

ကြေးမုံ The Mirror

ယနေ့ သတင်း ဆောင်းပါး အညွှန်း

မလေးရှား၌ ပါလီမန်ဖျက်သိမ်း၊ အာဖဂန်၌ ပါကစ္စတန် သံအမတ်ကြီးပျောက်ဆုံး၊ အကြိုအခြေခံ သမ္မတလောင်းရွေးပွဲ မက်ကိန်းနှင့် အိုဘားမား ဦးဆောင်နေ၊ ဟာဗ်ဘိုလာခေါင်းဆောင် သေဆုံး — စာမျက်နှာ–၄၊၅

ပါမောက္ခ ဒေါက်တာပိုင်စိုး၏ "နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးကဏ္ဍ(၃)" (ဆောင်းပါး) — စာမျက်နှာ–၆

ဘော်ကြိုဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော် စိုင်းသာလှိုင် (လိမ္မော်မြေ) — စာမျက်နှာ–၇

ထူးခြားသည့် ညအပူချိန်များ

၁၄–၂–၂၀၀၈

ဟားခါး	➟	(–၄) ဒီဂရီစင်တီဂရိတ်
လွိုင်လင်	➟	(၂) ဒီဂရီစင်တီဂရိတ်
နမ့်စန်	➟	(၄) ဒီဂရီစင်တီဂရိတ်

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားနှင့် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ နေပြည်တော် ရေပန်းဥယျာဉ်တွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား